မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ကထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ ၂၀၁၂ ခုနှစ်၊ မေ ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒအောင် သာသနဓဇ အာဇာနည် (၁)ပါး၊ တိပိဋကဓရအောင် သာသနဓဇအာဇာနည် (၁)ပါး၊ မူလအာဘိဓမ္မိကအောင် သာသနဓဇအာဇာနည်(၂)ပါး၊ ဒီဃနိကာယကောဝိဒအောင် သာသနဓဇအာဇာနည် (၂)ပါး၊ ဒီဃဘာဏကအောင် သာသနဓဇအာဇာနည် (၄)ပါး၊ ဝိနယကောဝိဒအောင် သာသနဓဇအာဇာနည် (၂)ပါး၊ ဝိနယဓရအောင် သာသနဓဇအာဇာနည် (၂၇)ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင် သာသနဓဇအာဇာနည် (၁၀)ပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် သာသနဓဇအာဇာနည် (၄၄)ပါး စုစုပေါင်း သာသနဓဇအာဇာနည် အရှင်မြတ် (၉၃)ပါးတို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်

အဆိုပါ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲ ကြီးကြပ်ရေး စာထောက်စာမဆရာတော်များ၊ စာမေးပွဲအောင် သာသနဓဇအာဇာနည်အရှင်မြတ် များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ စာအောင် သံဃာတော်အရှင်မြတ်များ၏ တပည့်ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာ မင်္ဂလာအခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ ဆရာတော်သံဃာတော်အရှင်မြတ် များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူး ပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ အဖွဲ့ဝင် လှိုင်သာယာမြို့နယ် သာသနဂုဏ်ရည်ကျောင်းတိုက် ***စာမျက်နှာ ၈ ကော်လံ ၁*** ❖

ငါးပါးသီလ ခံယူဆောက်တည်

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဝင် လှိုင်သာယာမြို့နယ် သာသနဂုဏ်ရည်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသ ထံမှ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်း ရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင် များနှင့် ပရိသတ်တို့က ငါးပါး သီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အင်္ဂလန်နည်းပြဟောင်း ကာပယ်လို ချယ်လ်ဆီးနည်းပြ လုပ်လိုကြောင်း ပြောကြား စာ-၅

စာ-၉

စင်ကာပူဖလား ရှုံး/ထွက် ဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဇအသင်း ကွာတားတက်

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ရေကြီးနှစ်မြုပ်မှုအန္တရာယ်မှ ရေနုတ်မြောင်းများက ကာကွယ်ပေးနိုင်မည် စာ-၁၁

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၂၀ ရက်)

မိုးကြိုးအန္တရာယ် သတိပြုဖွယ်

ယခုနှစ်မိုးဦးလေဦးကာလသည် မုတ်သုံအဝင်နောက်ကျပြီး အပူချိန်လွန်ကဲမှုကြောင့် မိုးကြိုးအန္တရာယ် ကျရောက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ ယခုနှစ်သည် အပူချိန် စံချိန်တင်အမြင့်မားဆုံးနှစ်တစ်နှစ် ဖြစ်၏။ အပူချိန်မြင့်လေ မိုးကြိုးလျှပ်စီးဖြစ်ပေါ်မှုပိုများလေဖြစ်၏။ မိုးကြိုးလျှပ်စီးဖြစ်ပေါ်မှုများကြောင့် မိုးကြိုးအန္တရာယ်ကျရောက်ရန် အလားအလာပိုများ၏။

ကောင်းကင်တိမ်တိုက်ကြီးများအတွင်းရှိ လျှပ်စစ်ဓာတ်များနှင့် ကမ္ဘာမြေပြင်ရှိ ဆန့်ကျင်ဘက် လျှပ်စစ်တို့ စီးဝင်ထိတွေ့ရာမှ လျှပ်စစ်ဓာတ်စီးသွားပြီး မိုးကြိုးပစ်သည်ဟု ဆိုကြသည်။ ဤသည်ကို လောင်မီးကျသည်ဟုလည်း ခေါ်ဆိုကြသည်။ မိုးကြိုးပစ်ခံရသောလူ သို့မဟုတ် ကျွဲ၊ နွားတို့၏ ခန္ဓာကိုယ်များသည် ဓာတ်လိုက်သေဆုံးသကဲ့သို့ တစ်ကိုယ်လုံး မည်းသွားလေ့ရှိသည်။

မိုးကြိုးပစ်ရာ ထန်းလက်နှင့်ကာဆိုသော ဆိုရိုးစကားရှိသည်။ မဖြစ်နိုင်သည့်အရာကို ကာကွယ် ပြောဆိုခြင်းကို ခိုင်းနှိုင်းပြောဆိုသော ဆိုရိုးစကားမျှသာဖြစ်ပါသည်။ အမှန်စင်စစ်မိုးကြိုးပစ်ရာတွင် ထန်းလက်နှင့်ကာ၍မရနိုင်ပါ။ မိုးကြိုးကာကွယ်နိုင်သည့် လက်နက်ကောင်းများ မတီထွင်နိုင်ကြသေးပါ။ နေအိမ်ခေါင်မိုးများတွင် တပ်ဆင်ထားသော မိုးကြိုးလွှဲများမှလွှဲ၍ သာမန်ခရီးသွားကြသူများအား မိုးကြိုးပစ်ခြင်းမှ မကာကွယ်နိုင်ကြသေးပါ။

မိုးကြိုးပစ်ခြင်းကို ကာကွယ်နိုင်သည့် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ သတိပြုရှောင်ကြဉ်ခြင်းသာ ဖြစ်ပါသည်။ မိုးကြိုးသည် မိုးရွာချိန်တွင် လွင်တီးခေါင်ရှိ လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များ၊ နေအိမ်အဆောက်အအုံများ၊ မိုးမျှော်တိုက်တာများသို့ ပစ်လေ့ရှိပါသည်။ မိုးရွာချိန်တွင် လွင်တီးခေါင်သို့ သွားလာခြင်းမှ ရှောင်ကြဉ်ခြင်းသည် မိုးကြိုးပစ်ခြင်းကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ မိုးကြိုးပစ်ခံရခြင်းသည် ကံမကောင်းလို့ဟု ဆိုနိုင်သော်လည်း သတိထားဆင်ခြင်မှုအားနည်းခြင်းကြောင့်ဟု ဆိုလျှင် ပိုမှန်ပါသည်။

မိုးကြိုးပစ်မှုအန္တရာယ်သည် မိုးဖြိုင်ဖြိုင်ရွာသည့် ဇွန်၊ ဇူလိုင်ရောက်မှ လျော့ပါးသွားနိုင်သည်။ မိုးရွာပြီး အအေးဓာတ်အားကောင်းလာပါမှ မိုးကြိုးလျှပ်စီးဖြစ်ပေါ်မှုနည်းပြီး မိုးကြိုးပစ်ခြင်းလည်း နည်းပါးသွားနိုင်သည်။ ကောင်းကင်လေထုအတွင်း အပူဓာတ် လွန်ကဲနေသမျှကာလပတ်လုံးမိုးကြိုး လျှပ်စီးဖြစ်ပေါ်မှု ပိုမိုများပြားပြီး မိုးကြိုးပစ်မှုများဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ မိုးဦးလေဦးကာလအတွင်း မိုးစတင်ရွာသွန်းနေချိန်တွင် လွင်တီးခေါင်အရပ်သို့ မသွားသင့်ပါ။ ကံမကောင်း၍ မိုးကြိုးပစ်ခံရခြင်းမဟုတ်ပါ။ သတိပြုဆင်ခြင်တုံတရားအားနည်း၍ မိုးကြိုးပစ်ခံရခြင်းသာ ဖြစ်နိုင်ပါသည်။ မိုးဖြိုင်ဖြိုင်မရွာမီကာလတွင် မိုးကြိုးလျှပ်စီးမုန်တိုင်းများ ဖြစ်ပွားနိုင်သဖြင့် လွင်တီးခေါင်အရပ်သို့ တစ်ကိုယ်တည်းသွားလာခြင်းများကို ဆင်ခြင်သတိပြုနိုင်ရန် အသိပေးရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဖိတ်ကြားထားသည့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များအား အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အရှေ့တောင်အာရှဒေသဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၂ ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၂ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများဖြစ်သော လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှုရှိလာရေး၊ လျှပ်စစ်စွမ်းအားဖူလုံစွာရရှိရေး၊ ဒေသတွင်းကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုအတားအဆီးများ ဖယ်ရှားနိုင်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အမြဲရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ကူညီပံ့ပိုးမှုပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် လုပ်သားအင်အားကို အခြေခံလုပ်ကိုင်ရသည့် စက်မှုလုပ်ငန်းများ လာရောက်လုပ်ကိုင်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ ပူးပေါင်းကျင်းပနိုင်ရေး၊ လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် နည်းပညာလွှဲပြောင်းပေးနိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိလာစေရေးနှင့် ခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ်ရှင်သန်လှုပ်ရှားတိုးတက်မှုရှိစေရေး၊ နိုဝင်ဘာလတွင် Green Economic Growth Forum ကျင်းပနိုင်ရေးအတွက် အသင်းချုပ်မှ ကူညီပံ့ပိုးပေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

အုတ်တွင်းမြို့နယ်၌ ပညာတံခွန်စာကြည့်တိုက်ဖွင့်

အုတ်တွင်း မေ ၁၉

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ငွေကျပ် ၁၀ သိန်း ပံ့ပိုးလှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့သည့် အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာ ပညာတံခွန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မြက စာပေအကြောင်း သိကောင်းစရာများနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၃ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း၊ တစ်ထပ်တိုက်ဖြစ်ကာ စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ် ၂၃ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေကူမြို့နယ်၌ သားဖွားဆောင်အဆောက်အအုံဖွင့်လှစ်

ရွှေကူ မေ ၁၉

ကချင်ပြည်နယ် ရွှေကူမြို့နယ် တိန်းပွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန သားဖွားဆောင်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက် ၈ နာရီက အဆိုပါသားဖွားဆောင်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်နှင့် တိန်းပွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအီစာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက အမှာစကား ပြောကြားပြီး ကျေးလက်ကျန်းမာရေးဆရာမ ဒေါ်ဖောလာရွှယ်နှောင်းက သားဖွားဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကို ရှင်းလင်းတင်ပြကာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအဆောက်အအုံမှာ ကျေးလက်နေပြည်သူများ ထည့်ဝင်ငွေကျပ် ၃၅ သိန်းဖြင့် ဆောက်လုပ်ခဲ့ပြီး အလျား ပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၈ ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကွန်ပျူတာရက်တိုသင်တန်းဖွင့်

ရန်ကုန် မေ ၁၉

ပညာရေးဝန်ကြီးဌာန အမှတ် (၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူးကျင်းပသော အလယ်တန်းကျောင်းအုပ်ဆရာ ဆရာမကြီးများအတွက် ICT Development သင်တန်းအမှတ်စဉ် (၃/၂၀၁၂) ကွန်ပျူတာ ရက်တိုသင်တန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း **(အပေါ်ပုံ)**နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်တို့က အမှာစကားပြောကြားကြသည်။ သင်တန်းတွင် အလယ်တန်း ကျောင်းအုပ်ဆရာ ဆရာမကြီး ၇၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၁၆ ရက်မှ ၂၂ ရက်အထိ ဖြစ်ကြောင်းသိရှိရသည်။ **(၁၆၈)**

မီးဘေးကြိုတင်ကာကွယ်ရေး တာချီလိတ်၌ ဆောင်ရွက်

တာချီလိတ် မေ ၁၉

တာချီလိတ်မြို့နယ်အတွင်းရှိ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုသရုပ်ပြ လေ့ကျင့်ခြင်းနှင့် ပညာပေးဟောပြောပွဲကို မေ ၁၆ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ မြို့မဈေး၌ ကျင်းပသည်။

ရှေးဦးစွာ မီးသတ်ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်က ဈေးများမီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် လိုက်နာသင့်သောအချက်အလက်များ၊ ကြိုတင်ကာကွယ်ရေး အစီအမံများကို ရှင်းလင်းပြောကြားကာ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့များက မီးသတ်ယာဉ်၊ အပေါ့စားရေစုပ်စက်များဖြင့် မီးငြိမ်းသတ်မှုများအား လက်တွေ့လေ့ကျင့်ဆောင်ရွက်ကြသည်။

ထို့နောက် ခေတ်မီ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုအား သရုပ်ပြပြီး ဈေးသူဈေးသားများက လက်တွေ့ဆောင်ရွက်လေ့ကျင့်ကြသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကို၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်နှင့် ဈေးအကျိုးတော်ဆောင်များက ဈေးအတွင်း လျှပ်စစ်သွယ်တန်းထားရှိမှုများ၊ မီးသတ်ရေငုပ် တပ်ဆင်ထားရှိမှုများကို စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(၀၆၀)**

ကလေးဗဟိုပြု လေ့ကျင့်သင်ကြားရေး မြို့နယ်အဆင့် သင်တန်းဖွင့်

လပွတ္တာ မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၁)အခြေခံပညာဦးစီးဌာန ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကလေးဗဟိုပြု သင်ယူချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားရေး မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၈ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လပွတ္တာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(အောက်ပုံ)**မြောင်းမြ ပညာရေးကောလိပ်မှ ဒေါ်မျိုးစန္ဒာက ကလေးဗဟိုပြုသင်ယူချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားရေးနည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်မြင့်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

စာကြည့်တိုက် ပညာဆင့်ပွား သင်တန်းဖွင့်

ရန်ကုန် မေ ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ပူးပေါင်း၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၁၂)ဖွင့်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မေ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို စာကြည့်တိုက်မှူးနှင့် တွဲဖက်စာကြည့်တိုက်မှူး ၇၈ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

အထူးစီးပွားရေးဇုန် တည်နေရာနှင့် အကျယ်အဝန်း၊ ဇုန်ဖွဲ့စည်းပုံအဆင့်ဆင့်၊ ဇုန်၏လက်ရှိလုပ်ငန်းများ၊ သီလဝါ အထူးစီးပွားရေးဇုန်အတွက် အဆင့်မြှင့်ရမည့် အခြေခံအဆောက်အအုံများ၊ သီလဝါ ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် သီလဝါ ဆိပ်ကမ်း အထွေထွေမန်နေဂျာတို့က ပြန်လည် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မြန်မာနိုင်ငံ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) တွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နှင့် လုပ်ငန်းကော်မတီများ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တက္ကသိုလ်၏ လက်ရှိအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များ၊ တက္ကသိုလ်ရှိ ဓာတ်ခွဲခန်းများ၊ သင်ထောက်ကူအလုပ်ရုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ကျောင်းဆင်းကျောင်းသားများ၏ အလုပ်အကိုင်ရရှိမှုအခြေအနေ၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ဦးမြင့်ဆွေနှင့် ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တက္ကသိုလ်ပင်မဆောင်ဉပစာ၌ ခရေပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

Maritime Museum (ဓာတ်ပုံပြခန်း) တို့ကိုလှည့်လည်ကြည့်ရှုရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိရာ ရန်ကုန်ဘူတာကြီး စခန်းသာခန်းမ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က မြန်မာ့မီးရထားလုပ်ငန်းဆိုင်ရာများနှင့် ရန်ကုန်ဘူတာကြီးမှ ရထားပြေးဆွဲမှုများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယသမ္မတက သက်တမ်းလွန်ရထားတွဲများ လဲလှယ်မှု၊ ရထားလက်မှတ်မှောင်ခိုပပျောက်ရေးနှင့် အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေး၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ မြို့ပတ်ရထားလမ်း တစ်လျှောက်သာယာလှပရေး၊ မြို့ပတ်ရထားပြေးဆွဲမှု၊ သန့်ရှင်းမှုတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စင်္ကြံ(၁)၊ (၂)နှင့် (၃)တို့၌ ရထားစောင့်ဆိုင်းနေသော ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းပြီး စင်္ကြံ(၃)၌ ရွှေညောင်မှ ဆိုက်ရောက်လာသော ရထားတွဲအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝါရှိ ရထား ဝင်/ထွက် ထိန်းချုပ်ခန်းကိုလည်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ဘူတာကြီး တာဝါရှိ ရထား ဝင်/ထွက်ထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေကြောင်းပညာတက္ကသိုလ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာချာလီသန်းက တက္ကသိုလ်၏ ရည်ရွယ်ချက်၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ သင်္ဘောတည်ဆောက်ခြင်း လက်မှတ်ရရှိရေးနှင့် တက္ကသိုလ်၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ မေးမြန်းရာ ပါမောက္ခချုပ်က ပြန်လည်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Marine Hydrodynamic Centre အတွင်းရှိ Ship Model Towing Tank Wave Generating Machine နှင့် Myanmar

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ပဉ္စမကာလတို (၅)နှစ် ဒေသန္တရစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်က ပဉ္စမကာလတို (၅)နှစ် ဒေသန္တရစီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာများက ပဉ္စမကာလတို (၅)နှစ် ဒေသန္တရစီမံကိန်း၏ တတိယနှစ်မှ ပဉ္စမနှစ်အထိ ရေးဆွဲထားရှိမှုနှင့် မူဝါဒရည်မှန်းချက် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက်တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများက ပါဝင်ဆွေးနွေး တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရားသုံးဆူမြို့ တိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ဆေးကုသပေး

နေပြည်တော် မေ ၁၉

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ တိုက်နယ်ဆေးရုံ၌ မေ ၁၅ ရက်က ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့၏စီမံမှုဖြင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင် ခေါင်းဆောင်သော ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံတို့မှ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သွားဘက်ဆိုင်ရာအထူးကု၊ အထွေထွေရောဂါကု သမားတော်ကြီး၊ သားဖွားမီးယပ်၊ အရိုး၊ မျက်စိ၊ ကလေး၊ ခွဲစိတ်၊ တိုင်းရင်းဆေးနှင့် ကိုယ်ခန္ဓာ ပြန်လည်သန်စွမ်းရေးဌာနတို့မှ အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ဘုရားသုံးဆူမြို့ပေါ်နေ ပြည်သူများနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားများအား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းသို့ အခမဲ့ဆေးကုသမှုပြုရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး သက်ကြီး အဘိုးအဘွားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ဇနီး ဒေါ်ညွန့်ညွန့်ဝေနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မျက်စိဝေဒနာရှင်များအား မျက်မှန်များ အခမဲ့လှူဒါန်း တပ်ဆင်ပေးကြသည်။ လူနာများအတွက် စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများပေးအပ်ပြီး ဆေးပဒေသာပင်အလှူငွေနှင့် ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကိုလည်း ပေးအပ်ကြသည်။

အခမဲ့ဆေးကုသ

ယင်းသို့ အထူးကုဆရာဝန်များအဖွဲ့ ၁၀ ဖွဲ့ဖြင့် အခမဲ့ဆေးကုသပေးမှုတွင် လာရောက်ကုသသူ စုစုပေါင်း ၁၃၀၃ ဦးရှိပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်အလက် ၁၀၀ အခမဲ့တပ်ဆင်ပေးခဲ့သည်။ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနအနေဖြင့် အထူးကုဆရာဝန်ကြီးများအပါအဝင် ကျန်းမာရေးဝန်ထမ်းများဖြင့် လစဉ်ကျေးလက်ဒေသများသို့ ကွင်းဆင်း၍ ကျေးလက်နေပြည်သူများအား အခမဲ့ဆေးကုသမှုများ ပြုလျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း

တိုင်းဒေသကြီး/ခရိုင် မြို့နယ်စီမံကိန်းဦးစီးမှူးများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် မေ ၁၉ ရက်က ရန်ကင်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ စီမံကိန်းဦးစီးမှူးများနှင့် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက စီမံကိန်းဦးစီးမှူးများအား ယနေ့ခေတ်စနစ်နှင့်အညီ လုပ်ငန်းများအား မိမိတို့၏လုပ်ငန်းစွမ်းရည်များဖြင့် မြှင့်တင်ဆောင်ရွက်ကြရန်၊ အထက်မှ အမိန့်ပေး၊ ညွှန်ကြားမှုပေးမှ လုပ်တတ်သည့်စိတ်များအားဖျောက်၍ မိမိတို့ဒေသ၏ အခြေခံလိုအပ်ချက်နှင့် ကိုက်ညီသောဆောင်ရွက်မှုများဖြင့် တိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က ထပ်မံဖြည့်ဆည်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး စီမံကိန်းဦးစီးမှူးက တိုင်းအတွင်းဆောင်ရွက်မှုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်၊ မြို့နယ်စီမံကိန်းဦးစီးမှူးများက မိမိတို့ဒေသအလိုက် စီမံကိန်းဆောင်ရွက်ထားမှုများကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၂း၀၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မေတ္တာလွှမ်းသော ဟင်းတစ်ခွက်**
၁၃း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၂၇)

ညပိုင်း

၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း-၁၉)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
-	နိုင်ငံတကာသတင်း
-	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်** (အပိုင်း-၂၅) (ဇာတ်သိမ်း)
-	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရက်ဦးရဲ့ လင်းသံစဉ်** (အပိုင်း -၂၉)

20-5 (03).pmd 1 5/20/2012, 2:27 AM

■ *ကျောဖုံးမှ*

ကူညီထောက်ပံ့မှုများ ပေးအပ်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ရေး၊ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် တိုင်းရင်းသားလူမျိုးများနှင့် ပဋိပက္ခများဖြေရှင်းရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးပါကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် အကူအညီပေးနိုင်သည်များရှိပါက ပေးအပ်ရန် အဆင်သင့်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကိစ္စ၊ တိုင်းရင်းသားလူမျိုးစုများကိစ္စ၊ မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားအကြား စစ်ရေးဆိုင်ရာ ဆက်ဆံမှုကိစ္စများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုရှိနေဆဲဖြစ်ပါကြောင်း၊ နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်၍လည်း ကျန်ရှိနေသူများကို ဆက်လက်လွှတ်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးသည် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ၏ ပြောကြားချက်များနှင့် အမေး၊ အဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်-

ဝန်ကြီးမစ္စစ်ကလင်တန် - ဝန်ကြီးဦးဝဏ္ဏမောင်လွင်ကို ဝါရှင်တန်မှာ ကျွန်မတို့ကြိုဆိုတွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ကျွန်မတို့အနေနဲ့ နှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသော ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုတို့ ရှင်သန်စေရန်နှင့် ဝန်ကြီးဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံဆွေးနွေးရန်တို့ကို လိုလားနေခဲ့ပါတယ်။ ပြီးခဲ့နှစ် ဒီဇင်ဘာလက ကျွန်မတို့နှစ်ဦး နေပြည်တော်မှာ တွေ့ဆုံခဲ့ကြပါတယ်။ ယခုလို ဝါရှင်တန်မှာ ပြန်လည်တွေ့ဆုံရတာကို လွန်စွာဝမ်းသာမိပါတယ်။

ဆယ်စုနှစ်များအတွင်း ပထမဦးဆုံးအကြိမ်တွေ့ဆုံမှုဟာ သမိုင်းဝင်မှတ်တမ်းတစ်ခုပင်ဖြစ်ပါတယ်။ နောက်ပြီး ဒါဟာအချိန်တိုကလေးအတွင်းမှာ ကျွန်မတို့နှစ်နိုင်ငံအကြား ခရီးပေါက်ရောက်မှု၏ အတိုင်းအတာရဲ့ သက်သေပဲဖြစ်ပါတယ်။ သမ္မတဦးသိန်းစိန်ကို ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းဆီ ဦးတည်ရန် အစိုးရအဖွဲ့ကို ဦးဆောင်လမ်းကြောင်းပေးနိုင်သည့်အတွက် မိမိဂါရဝပြုလိုပါတယ်။ မိမိတို့နိုင်ငံရဲ့ ပိုမိုကောင်းမွန်တဲ့အနာဂတ်အတွက် ရုန်းကန်စွန့်လွှတ်ပေးဆပ်ခဲ့ကြတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားသူများအားလုံးကိုလည်း လေးစားပါတယ်။

ပြီးတော့ ဒီဖြစ်စဉ်အပေါ်မှာ ထောက်ခံအားပေးခဲ့ကြတဲ့၊ ယခုလိုဖြစ်ပေါ်တိုးတက်မှုများ၏ အရေးပါအရာရောက်မှုများအပေါ် နားလည်သဘောပေါက်ထောက်ခံပေးကြတဲ့ အမေရိကန်ပြည်ထောင်စုက ပုဂ္ဂိုလ်တိုင်းကိုလည်း ကျွန်မကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ အထူးသဖြင့် အထက်လွှတ်တော်အမတ် မက်ကောနယ်၊ မက်ကိန်း၊ ကယ်ရီ၊ ဝက်ဘ်၊ ရှာဟင်းန်၊ ကွန်ဂရက်အမတ် ကရိုလီအပါအဝင် လွှတ်တော်အတွင်းမှ မိတ်ဖက်များဖြစ်တဲ့ ရီပတ်ဘလီကန်နဲ့ ဒီမိုကရက်တစ်အမတ်များကိုလည်း ကျေးဇူးတင်ပါတယ်။

ဒီမိုကရေစီနဲ့ အမျိုးသားရင်ကြားစေ့ရေး တိုးတက်ဖြစ်ထွန်းမှုတွေ နောက်ကြောင်းပြန်လှည့်စရာ အကြောင်းမရှိဘူးလို့ ဝန်ကြီးကပြောကြားခဲ့တာကို ကျွန်မအနေနဲ့ အသိအမှတ်ပြုရမည့် အချိန်လည်းဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အဆိုပါကိစ္စများ အမှန်တကယ်ဖြစ်ပေါ်လာစေဖို့အတွက် တတ်စွမ်းသမျှ ကူညီလုပ်ဆောင်ပေးရန် ဆန္ဒရှိပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲနဲ့ မကြာသေးခင်က ကရင်အမျိုးသားအစည်းအရုံးနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲအောင် ဆောင်ရွက်နိုင်ခဲ့တာတွေကိုလည်း ကျွန်မတို့ ကြိုဆိုပါတယ်။ အဲဒီအဖွဲ့ဟာ အစိုးရအနေနဲ့ အထူးအလေးထားနေရတဲ့ ပြည်တွင်းပဋိပက္ခမှာ ပါဝင်တဲ့အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက်တိုးမြှင့်လုပ်ဆောင်နေတဲ့အကြောင်း ကောင်းသတင်းကိုလည်း ဝန်ကြီးဆီကနေ ကျွန်မကြားသိရပါတယ်။

ဒီပြုပြင်ပြောင်းလဲမှုတွေကို အမေရိကန်ပြည်ထောင်စုက အခိုင်အမာထောက်ခံပါတယ်။ ကျွန်မတို့ အားလည်းပေးချင်ပါတယ်။ ဒါကို အသိအမှတ်လည်း ပြုပါတယ်။ မိတ်ဖက်နိုင်ငံတစ်ခုအနေနဲ့ ဒီပြုပြင်ပြောင်းလဲမှုတွေကို ကျွန်မတို့မြင်လို တွေ့လိုပါတယ်။ ဒါကြောင့် ယနေ့မှာ ၁၉၉၀ ခုနှစ်ကတည်းက ပထမဆုံးအကြိမ်အဖြစ် သံအမတ်ကြီး ဒဲရက်မစ်ချယ်လ်ကို မြန်မာနိုင်ငံဆိုင်ရာ သံအမတ်သစ်အဖြစ် အမည်တင်သွင်းလိုက်ကြောင်း ကြေညာအပ်ပါတယ်။ သံအမတ်ကြီး မစ်ချယ်လ်ဟာ ကျွန်မရဲ့ အထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေတာပါ။ သူဟာ ဒေသတွင်းခင်မင်မှုနှင့် လေးစားမှုကို အထူးခံယူနေရသူတစ်ဦးလည်း ဖြစ်ပါတယ်။ သံအမတ် ဆောလျင်စွာခန့်နိုင်ရေးအတွက် ကျွန်မ အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်ကို တိုက်တွန်းပါတယ်။ ဒါမှ သူ့အနေနဲ့ အရေးကြီးတဲ့တာဝန်ကို ဆက်လက်ထမ်းဆောင်သွားနိုင်မှာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကိုလည်း ကျွန်မတို့ ကြိုဆိုမျှော်လင့်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ အမေရိကန်ရင်းနှီးမြှုပ်နှံမှု၊ ကုန်ပစ္စည်းတင်ပို့မှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ခွင့်ပြုမယ့်အကြောင်း ကြေညာအပ်ပါတယ်။ ဒါတွေဟာ ကျွန်မတို့ရဲ့ ထင်ရှားတဲ့ မူဝါဒဆိုင်ရာ ပြောင်းလဲမှုပဲဖြစ်ပါတယ်။ စီးပွားရေးမှာ အမေရိကန်စီးပွားရေးလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံနိုင်ဖို့၊ နိုင်ငံသားတွေ နိုင်ငံတကာ အကြွေးဝယ်ကတ် ဈေးကွက်ထဲဝင်နိုင်ဖို့နဲ့ ဒေါ်လာအခြေပြု ငွေလွှဲလုပ်ငန်းများ လုပ်ဆောင်နိုင်ဖို့တို့အတွက် အမေရိကန်ပြည်ထောင်စုက အထွေထွေလိုင်စင်တစ်ရပ် ထုတ်ပေးမှာဖြစ်ပါတယ်။

ကျွန်မ အမေရိကန်စီးပွားရေးလုပ်ငန်းတွေကို ပြောကြားလိုတာကတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြပါ။ မိမိတို့လုပ်ဆောင်ရမည့် တာဝန်ကိုလည်း နားလည်ကြပါ။ ကောင်းမွန်သော ပြောင်းလဲမှုတွေအတွက် ကောင်းမွန်သော စီးပွားရေးလုပ်ငန်းသမားတစ်ဦးအဖြစ် လုပ်ကိုင်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ အလုပ်အကိုင်သစ်များ ဖန်တီးဖို့နဲ့ ပြုပြင်ပြောင်းလဲမှုများကို အားပေးထောက်ခံဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြပါစို့။

ယခုလုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံကို ကမ္ဘာ့စီးပွားရေးမှာ ပါဝင်လာစေရန် ကျယ်ပြန့်တဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိလာစေရန်နဲ့ လက်ရှိတိုးတက်ပြောင်းလဲမှုများ ပိုမိုဖြစ်ထွန်းစေရန် တွန်းအားတစ်ရပ်ပဲဖြစ်ပါတယ်။ အခြားနိုင်ငံတွေဖြစ်တဲ့ ဥရောပသမဂ္ဂနှင့် အင်္ဂလန်နိုင်ငံတို့လိုပဲ မိမိတို့လည်းလုပ်ဆောင်စရာရှိတာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဆိုင်းငံ့ထားလိုက်ပါပြီ။ ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ အဲဒီအတွက် အာမခံချက်ရှိစေဖို့ သက်ဆိုင်တဲ့ဥပဒေတွေကို ကျွန်မတို့ထားရှိသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ ပန်းတိုင်နဲ့ အထူးအာရုံစူးစိုက်မှုကတော့ စီးပွားရေးလုပ်ငန်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို မြန်နိုင်သမျှ မြန်မြန်တိုးချဲ့ဖို့ပါပဲ။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကွန်ဂရက်လွှတ်တော်၊ နောက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် အစိုးရအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ရေးနဲ့ အလွဲသုံးစားမှုတားမြစ်ရေးတို့ကို အာမခံသွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့အပြည့်အဝပူးပေါင်းလုပ်ဆောင်သွားရန် မိမိအားပေးပါတယ်။ ပွင့်လင်းမှု၊ တာဝန်ယူမှုတို့ဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းများဟာ ကောင်းသောစံနမူနာပြလုပ်ငန်းများအဖြစ် ရပ်တည်နိုင်ကြရမှာဖြစ်ပါတယ်။

အမေရိကန်ကုမ္ပဏီကြီးတွေက လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် ဘယ်ပြဿနာကိုမဆို အစဉ်အမြဲရှောင်ရှားကြဖို့ ကျွန်မတို့မျှော်လင့်ပါတယ်။ မတရားမှုတွေရှိခဲ့ရင် ဒါတွေကို ဒေသန္တရလူ့အဖွဲ့အစည်းအထိ သိရှိစေဖို့၊ အလုပ်သမားတွေကို သင့်တင့်လျောက်ပတ်စွာဆက်ဆံကြောင်းပြသဖို့၊ သဘာဝပတ်ဝန်းကျင်ကို အလေးထားဖို့၊ စီးပွားရေးသမားကောင်းတစ်ယောက်ဖြစ်ဖို့၊ လူအများအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမယ့် မျှတတဲ့ ရေရှည်ခံတဲ့ စီးပွားရေးတွေကိုအားပေးဖို့ ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အခြေအနေတွေဖန်တီးပေးမယ်လို့လည်း မျှော်လင့်ပါတယ်။

ဥရောပနဲ့အာရှက ကျွန်မတို့ရဲ့ မိတ်ဖက်များကလည်း အလားတူစံနမူနာကောင်းများကို လေးစားလိုက်နာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပြည်သူတို့အနေနဲ့ မိမိတို့ကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမယ့် ဖွံ့ဖြိုးတိုးတက်မှုမျိုးတွေကို မျှော်လင့်ပိုင်ခွင့်ရှိတဲ့အလျောက် သူတို့စောင့်ရကျိုးနပ်ကြမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကုမ္ပဏီတွေနဲ့ အခြားသူတွေက မတရားမှုတွေကို အထူးသဖြင့် လူနည်းစုဒေသတွေမှာ ကျူးလွန်တတ်တယ်ဆိုတာကို မိမိတို့သတိပြုမိပါတယ်။ တပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းများ အပါအဝင် လူ့အခွင့်အရေးကျူးလွန်ဖောက်ဖျက်တဲ့၊ ပြုပြင်ပြောင်းလဲမှုများကို ဟန့်တားတဲ့ သို့မဟုတ် အကျင့်ပျက်ခြစားမှုနဲ့ပတ်သက်တဲ့ မည်သူတစ်ဦးတစ်ယောက်မျှ အမေရိကန်နဲ့ဆောင်ရွက်တဲ့ စီးပွားရေးနဲ့ရင်းနှီးမြှုပ်နှံမှုတွေက ထွက်ပေါ်လာတဲ့ ငွေကြေးဆိုင်ရာ အကျိုးကျေးဇူးတွေကို ခံစားခွင့်မရစေဖို့ မိမိတို့မျက်လုံး ဒေါက်ထောက်ကြည့်သွားမှာဖြစ်ပါတယ်။ လက်နက်တင်ပို့ရောင်းချခြင်း ပိတ်ပင်ထားတာကိုတော့ ကျွန်မတို့ဆက်ပြီးထားရှိသွားပါမယ်။ အကြောင်းကတော့ ဖြစ်ထွန်းနေတဲ့ ပြုပြင်ပြောင်းလဲမှုတွေထဲမှာ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ အရပ်သားထိန်းချုပ်မှုအောက် ရောက်ရှိသွားတာကို ကျွန်မတို့ မြင်တွေ့ချင်လို့ပဲဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာတဲ့ နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးနဲ့ အလုပ်သမားဆိုင်ရာ ကျင့်ထုံးများ အကျိုးသက်ရောက်မှုရှိလာစေရန်အတွက်လည်း မြန်မာအစိုးရနဲ့ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ဒါတွေကို လုပ်ဆောင်ရာမှာ အစိုးရအနေနဲ့ ခက်ခက်ခဲခဲ ဆုံးဖြတ်လုပ်ဆောင်ခဲ့ရသလို ရှေ့ဆက်လုပ်ဆောင်သွားလိမ့်မယ်လို့လည်း စွဲမှတ်ထားပါတယ်။ ကျွန်မတို့ ရှုမြင်လိုတာကတော့ နိုင်ငံရေးအကျဉ်းသားများကို ထပ်ပြီးလွှတ်ငြိမ်းချမ်းသာခွင့်ပေးဖို့နဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ဥပဒေစည်းမျဉ်းနဲ့အညီ လက်တွေ့လုပ်ဆောင်မှုများကို အလေးထားဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လူမျိုးရေးပဋိပက္ခတွေ အဆုံးသတ်သွားစေရန် အမေရိကန်ပြည်ထောင်စုက အင်တိုက်အားတိုက် ထောက်ခံအားပေးပါတယ်။ အခုလို လူမျိုးပေါင်းစုံပူးပေါင်းလက်တွဲနေထိုင်ခြင်းဟာ နိုင်ငံတိုးတက်မှုအတွက် အင်အားတစ်ရပ်ဖြစ်တယ်လို့ ကျွန်မတို့ရှုမြင်သုံးသပ်ပါတယ်။ မနေ့တုန်းက အမေရိကန်ပြည်ထောင်စုကို အလည်အပတ်ရောက်နေတဲ့ လူမျိုးနှင့်နောက်ခံအကြောင်းအရာ အမျိုးမျိုးကွဲပြားခြားနားတဲ့ လူငယ်တစ်စုနဲ့ ကျွန်မတွေ့ခဲ့ရပါတယ်။ သူတို့တစ်တွေအားလုံး အနာဂတ်အတွက် အတူတကွကြိုးစားလုပ်ဆောင်ကြဖို့ ဆန္ဒရှိနေကြတာကိုမြင်ရတာ တကယ်ကို အားတက်စရာ ကောင်းပါတယ်။

မကြာသေးခင် ရက်သတ္တပတ်များအတွင်းက ကချင်ပြည်နယ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပဋိပက္ခတွေအတွက် ကျွန်မတို့ စိုးရိမ်မကင်းဖြစ်ရပါတယ်။ ဒါပေမယ့် အစိုးရနဲ့အစိုးရမဟုတ်သောအဖွဲ့အစည်းများ စုံညီစွာပါဝင်နိုင်မယ့် အဓိပ္ပာယ်ရှိတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဖြစ်ထွန်းစေနိုင်မယ့် ယန္တရားသစ်တစ်ရပ်အကြောင်းကြားရတာ တကယ်ဝမ်းသာစရာ ကောင်းပါတယ်။ အစိုးရအနေနဲ့လုပ်နိုင်တာအားလုံးကို လုပ်ဖို့လိုသလို ဒီပဋိပက္ခနဲ့စပ်လျဉ်းပြီး စားပွဲရဲ့အခြားတစ်ဖက်က ပုဂ္ဂိုလ်များအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့၊ သာတူညီမျှမှုရှိတဲ့ရလဒ်မျိုးကို ရှာဖွေဖို့ ဆန္ဒရှိရမှာဖြစ်ပါတယ်။ ဒီတော့ ရင်ကြားစေ့ရေးဟာ ဦးစားပေးလုပ်ငန်းဖြစ်ပြီး ကျွန်မတို့က ဆက်လက်အားပေးထောက်ခံသွားမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ မြောက်ကိုရီးယားနဲ့ပတ်သက်ပြီး ကျွန်မတို့ရဲ့ စိုးရိမ်မှုတွေကို ဆွေးနွေးခဲ့ကြပါတယ်။ သမ္မတဦးသိန်းစိန်က မြောက်ကိုရီးယားနဲ့ စစ်ရေးဆက်ဆံမှုတွေကို ရပ်ဆိုင်းပါတော့မယ်လို့ ပြောတဲ့အကြောင်း ကြားသိရလို့ ကျွန်မ အားတက်မိပါတယ်။ နောက်ပြီး အဏုမြူလက်နက်မပြန့်ပွားရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာ သဘောတူညီချက်ကို အပြည့်အဝလေးစားလိုက်နာမယ့်အကြောင်းကိုလည်း ဝန်ကြီးက ကျွန်မကို အာမခံခဲ့ပါတယ်။

ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်ပြီး ကျွန်မ အလွန်ပဲအကောင်းမြင်ပါတယ်။ ခက်ခဲမယ်ဆိုတာလည်း ကျွန်မသိပါတယ်။ ကျွန်မရဲ့တိုင်းပြည်ကိုယ်နှိုက် ရင်ဆိုင်ခဲ့ရတဲ့ စိန်ခေါ်မှုတွေအကြောင်းကို ကျွန်မ မကြာခဏ ပြည်သူတွေကို သတိပေးရပါတယ်။ ဒါတွေကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ရင်ဆိုင်ခဲ့ရတာပါ။ အင်တာနက် မရှိ၊ ရုပ်မြင်သံကြားမရှိ အခြေအနေမျိုးမှာ ကျွန်မတို့ ကိုယ်ပိုင်မျှော်လင့်ချက်တွေ၊ ဆန္ဒတွေပြည့်မြောက်စေဖို့အတွက် ကျွန်မတို့တစ်တွေ တစိုက်မတ်မတ် အာရုံစူးစိုက် ရုန်းကန်ခဲ့ကြရပါတယ်။ တကယ်တော့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုခရီးစဉ်ဟာ မြန်မာနိုင်ငံအပါအဝင် ထောက်ခံအားပေးရန် သန္နိဋ္ဌာန်ချထားတဲ့ နိုင်ငံအားလုံးအတွက် တကယ်ပင် စိတ်ဝင်စားစရာကောင်းတဲ့ စိန်ခေါ်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။

ကျွန်မ ဝမ်းမြောက်စွာ ပြောကြားလိုတာကတော့ အမေရိကန်စီးပွားရေးလုပ်ငန်းတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကူညီရန်၊ အမေရိကန်အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေနဲ့ မြန်မာနိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် အခြားကိစ္စရပ်များ ဖွံ့ဖြိုးစေရန်အတွက် ကူညီပေးနိုင်ရန် အစိုးရအနေနဲ့ လမ်းခင်းပေးလျက်ရှိပါတယ်။

အခုလို လာရောက်တဲ့အတွက် အဆွေတော်ကို ကျေးဇူးတင်ရှိပါတယ်။ နောက်နောင်တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့ မျှော်လင့်ပါတယ်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင်- နိုင်ငံခြားရေးဝန်ကြီးနှင့် ကြွရောက်လာကြတဲ့လူကြီးမင်းများခင်ဗျား၊ ဝန်ကြီး မစ္စစ်ကလင်တန်ရဲ့ တရားဝင်ဖိတ်ကြားချက်အရ ဝါရှင်တန်ဒီစီကို ကျွန်တော်လာခဲ့တာပါ။ ဒီကနေ့ နေ့လယ်ပိုင်းမှာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့ ကိစ္စရပ်တွေကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အထက်လွှတ်တော်အမတ်တွေဖြစ်တဲ့ မက်ကိန်း၊ မက်ကောနယ်၊ ဂျင်ဝက်ဘ်တို့နဲ့လည်း တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝီလီယံဘန်းနဲ့လည်း ညနေမှာ တွေ့ဆုံဖို့ရှိပါတယ်။

ဒီလိုတွေ့ဆုံတဲ့အခါမှာ သမ္မတဦးသိန်းစိန်နဲ့ အစိုးရအဖွဲ့ရဲ့ လက်ရှိဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေအပေါ် သူတို့အနေနဲ့ အသိအမှတ်ပြုအားပေးထောက်ခံတဲ့အကြောင်း သူတို့က ထပ်လောင်းပြောဆိုခဲ့ကြပါတယ်။ ဒါ့အပြင် ချစ်ကြည်ရေးတိုးတက်ခိုင်မာဖို့၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ဖို့ မြန်မာပြည်သူတွေအတွက် အကူအညီ တိုးမြှင့်ထောက်ပံ့ပေးဖို့ အမေရိကန်နိုင်ငံကနေ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုနဲ့ ကန့်သတ်မှုတွေကို ဖယ်ရှားပေးဖို့ကိုလည်း ဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြိုးပမ်းမှုတွေကို အမေရိကန်အစိုးရနဲ့ အမေရိကန်ပြည်သူတွေက အားပေးထောက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြုပြင်ပြောင်းလဲရေးတွေကို ရှေ့ဆက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံလုံးမှာ သံအမတ်ကြီးခန့်အပ်ထားဖို့ ဆုံးဖြတ်လိုက်တာဟာ အနှစ်နှစ်ဆယ်ကျော်ကြာပြီးနောက် ပုံမှန်သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ဖို့အတွက် ကြိုးပမ်းမှုရဲ့ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ပဲဖြစ်ပါတယ်။

သံအမတ်ကြီး ဦးသန်းဆွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရတဲ့ သံအမတ်ကြီးအဖြစ် ခန့်အပ်သွားမှာဖြစ်ပါတယ်။ သူဟာ လက်ရှိ နယူးယောက်မြို့ ကုလသမဂ္ဂမှာ မြန်မာနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ သူဟာ မြန်မာနဲ့ အမေရိကန်အကြား ပုံမှန်သံတမန်ဆက်ဆံရေးထားရှိဖို့အတွက် နှစ်နိုင်ငံစတင်ဆွေးနွေးတဲ့အချိန် လပေါင်းအတော်များများကတည်းက မြန်မာနိုင်ငံဘက်က ပါဝင်ဆွေးနွေးသူအဖြစ်နဲ့ အကောင်းဆုံးဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ကြောင့် သူ့အပေါ်မှာ ကျွန်တော် ယုံကြည်မှု အပြည့်အဝရှိပါတယ်။

သံအမတ်ကြီး ဒဲရစ်မစ်ချယ်လ်ကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်မယ်ဆိုတဲ့အကြောင်း သိရတဲ့အတွက် ကျေနပ်မိပါတယ်။ ပြီးခဲ့တဲ့ ၁၂ လတာကာလအတွင်း သူဟာ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်မူဝါဒရေးရာ ညှိနှိုင်းရေးမှူးအဖြစ် အောင်အောင်မြင်မြင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကာလအတွင်း ကျွန်တော်ဟာ သူနဲ့ နီးနီးကပ်ကပ်အလုပ်လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ သူတို့နှစ်ဦးလုံးအတွက် ကျွန်တော် ကျေနပ်ဂုဏ်ယူမိပြီး သူတို့ရဲ့အရေးပါတဲ့ တာဝန်သစ်တွေကို အကောင်းဆုံးထမ်းဆောင်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ကျွန်တော့်ကို ဝါရှင်တန်ကို တရားဝင်ခရီးလာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်ခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အမေရိကန်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ ဝါရှင်တန်မှာ နေထိုင်စဉ်ကာလအတွင်း အစစအဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဝန်ကြီးမစ္စစ်ကလင်တန်–ကျေးဇူးတင်ပါတယ်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင်–ကျေးဇူးတင်ပါတယ်။

မစ္စနူလန်–ဒီကနေ့ မေးခွန်းနှစ်ခုရှိပါတယ်။

မေးခွန်း - ဝန်ကြီးမစ္စစ်ကလင်တန်ကို စီးပွားရေးကန့်သတ်မှုတွေကို ဖြေလျှော့ပေးတာနဲ့ပတ်သက်ပြီး မေးချင်ပါတယ်။ အမေရိကန်ကုမ္ပဏီတွေအနေနဲ့ ရေနံနဲ့ဓာတ်ငွေ့အပါအဝင် မြန်မာနိုင်ငံရဲ့ နိုင်ငံပိုင်ကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်မလား။ အဲဒီကုမ္ပဏီတွေနဲ့ ကုန်သွယ်မှုတွေလုပ်နိုင်မလား။ ပြီးတော့ ခုနက အမေရိကန်ကုမ္ပဏီတွေရဲ့ လုပ်ငန်းဆိုင်ရာ တာဝန်ယူမှုနဲ့ပတ်သက်ပြီး ဝန်ကြီးပြောသွားပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ဥပဒေအရ တာဝန်ခံမှုရှိမှာပါလား။

နောက်မေးခွန်းတစ်ခုက နိုင်ငံရေးအကျဉ်းသားတွေကို ဆက်လက်ထိန်းသိမ်းထားမှုနဲ့ ပတ်သက်လို့ နိုင်ငံတကာရဲ့ စိုးရိမ်ပူပန်မှုတွေ အများအပြားရှိနေပါတယ်။ ဒီအကျဉ်းသားတွေဟာ ရာဂဏန်းရှိတယ်လို့ သိရပါတယ်။ သူတို့တွေကို လွှတ်ပေးမှာလား။ ဝန်ကြီးအနေနဲ့ ပြောကြားပေးစေချင်ပါတယ်။ တကယ်လို့လွှတ်ပေးမယ်ဆိုလျှင် ဘယ်အချိန်မှာ လွှတ်ပေးမှာလဲ သိချင်ပါတယ်။

ဝန်ကြီးမစ္စစ်ကလင်တန်- ကျေးဇူးတင်ပါတယ်။ ပထမဦးဆုံး ကျွန်မပြောချင်တာက အမေရိကန်ကုမ္ပဏီတွေအနေနဲ့ ကဏ္ဍတိုင်းက ဘယ်စီးပွားရေးလုပ်ငန်းနဲ့မဆို ဆက်ဆံလုပ်ကိုင်နိုင်မယ်လို့ ယူဆပါတယ်။ ကျွန်မတို့ ချမှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ တာဝန်ယူမှု မူဝါဒကို မလိုက်နာမကျင့်သုံးတဲ့ကုမ္ပဏီ ဒါမှမဟုတ် ကျွန်မတို့ သတိပြုမိလောက်တဲ့ အခြားကိစ္စရပ်တွေကို ကျူးလွန်တဲ့ ကုမ္ပဏီရှိမှာ မဟုတ်ဘူးလို့ ယူဆထားပါတယ်။ ဒါပေမယ့် အမေရိကန်ရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကုမ္ပဏီတွေ၊ သတ္တုတူးဖော်ရေးကုမ္ပဏီတွေ၊ ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီတွေဟာ မြန်မာနိုင်ငံနဲ့ သူတို့အတွက် နှစ်ဦးနှစ်ဖက်စလုံးအကျိုးရှိစေမယ့် ရင်းနှီးမြှုပ်နှံမှုတွေကို လွတ်လွတ်လပ်လပ် ရွေးချယ်ရှာဖွေနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

အခုဆိုရင် ကျွန်မတို့ဟာ ရည်မှန်းချက်ရှိရှိ၊ တာဝန်ယူမှုရှိရှိနဲ့ ဒီခြေလှမ်းတွေကို စတင်နေပြီဖြစ်ပါတယ်။ အကယ်၍ အချက်အလက်တွေသာ ခိုင်လုံခဲ့မယ်ဆိုရင် ကျွန်မတို့အနေနဲ့ မူဝါဒဖြေလျှော့ရာမှာ အထောက်အကူဖြစ်စေခဲ့တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာတွေကို အသုံးပြုပြီး ဒီအရေးယူပိတ်ဆို့မှုတွေကို ပြန်လည်ချမှတ်လို့ရပါတယ်။ ဒီလိုပဲ ဥရောပသမဂ္ဂ၊ ယူကေနဲ့ တခြားနိုင်ငံတွေကလည်း ကျင့်သုံးခဲ့ပါတယ်။ ရှေ့ဆက်ဆောင်ရွက်သွားရင်းနဲ့ ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အမြင့်ဆုံး လုပ်ငန်းဆိုင်ရာတာဝန်ယူမှု စံချိန်စံညွှန်းတွေကို လိုက်နာကျင့်သုံးအောင် ဆောင်ရွက်သွားပါမယ်။

ကျွန်မ မြန်မာနိုင်ငံကို ရောက်ခဲ့စဉ်တုန်းက အလုပ်သမားတွေအပေါ် ဆက်ဆံမှုနဲ့ပတ်သက်လို့ နာမည်ကောင်းမရှိတဲ့၊ ကောင်းမွန်တဲ့လုပ်ငန်းခွင်အခြေအနေမရှိတဲ့၊ ကုမ္ပဏီတစ်ခု လည်ပတ်ဖို့အတွက် လိုအပ်တဲ့အခြေခံအချက်တွေကို လိုက်နာဆောင်ရွက်ခြင်းမရှိတဲ့ ကုမ္ပဏီအချို့အကြောင်း ကြားခဲ့ရပါတယ်။ သူတို့တွေဟာ အမေရိကန်ကုမ္ပဏီတွေ မဟုတ်ပါဘူး။ လူတွေက အမေရိကန်ကုမ္ပဏီတွေကိုကြည့်ပြီး အလုပ်သမားတွေအပေါ် ဘယ်လိုဆက်ဆံသင့်တယ်၊ သဘာဝပတ်ဝန်းကျင်အပေါ် အလေးထားသင့်တယ်၊ ဆိုးရွားတဲ့ ဖောက်သည်တွေနဲ့ မဆက်ဆံသင့်ဘူး။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်စေ၊ လွတ်လပ်တဲ့ပုဂ္ဂလိကလုပ်ငန်းပဲဖြစ်စေ စီးပွားရေးကို လေးစားမှု၊ တာဝန်သိမှုတွေနဲ့ လုပ်ကိုင်သင့်တယ်လို့ မြင်လာစေချင်မိပါတယ်။ ဒါကြောင့်မို့လို့ ဒီအရေးယူပိတ်ဆို့မှုတွေကို ခေတ္တရပ်ဆိုင်းပြီး ရှေ့ဆက်သွားတာဟာ မှန်ကန်တယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုဖို့ ကျွန်မတို့စိတ်အားထက်သန်စွာ တိုက်တွန်းနေပါတယ်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင် -အကျဉ်းသားတွေနဲ့ပတ်သက်တဲ့ မေးခွန်းကို ဖြေရရင် ပြီးခဲ့တဲ့ ၁၂ လ၊ ၁၃ လ အတွင်း နိုင်ငံတော်သမ္မတက လွှတ်ငြိမ်းချမ်းသာခွင့် လေးကြိမ်ပေးခဲ့ပါတယ်။ အကျဉ်းသားပေါင်း ၂၈၀၀၀ လောက်ကို လွှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဥရောပသမဂ္ဂနှင့် အမေရိကန်ကနေ နိုင်ငံရေးအကျဉ်းသားလို့ဆိုကြတဲ့ အကျဉ်းသားစာရင်းတွေ ရရှိထားပါတယ်။ ဇန်နဝါရီလမှာပေးခဲ့တဲ့ လွှတ်ငြိမ်းချမ်းသာခွင့်အပြီးမှာ ဒီစာရင်းတွေမှာပါဝင်တဲ့သူ အတော်များများ လွှတ်မြောက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီစာရင်းတွေထဲက လူတချို့တော့ ကျန်နေပါသေးတယ်။ အဲဒီစာရင်းတွေကို သေချာစုံစမ်းစစ်ဆေးပြီးတဲ့အခါမှာ သူတို့ဟာ လူသတ်မှု၊ အဓမ္မပြုကျင့်မှု ဒါမှမဟုတ် အကြမ်းဖက်လုပ်ရပ်တွေနဲ့ပတ်သက်နေမှု စတဲ့ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တဲ့ အကျဉ်းသားတွေဖြစ်ကြောင်း တွေ့ရပါတယ်။ ဒါပေမယ့်လည်း သမ္မတအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အာဏာအရ သင့်တော်တဲ့အချိန်ကျရင် လွှတ်ငြိမ်းချမ်းသာခွင့်တွေ ဆက်လက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီလောက်ဆိုရင် ကျွန်တော့်ရဲ့အဖြေဟာ လုံလောက်မယ်လို့ ယူဆပါတယ်။

မစ္စနူလန်–နောက်ဆုံးမေးခွန်းပါ။ ဗွီအိုအေ မြန်မာပိုင်းကပါ။

မေးခွန်း - မေးခွန်းကနှစ်ပိုင်းရှိပါတယ်။ ဝန်ကြီးမစ္စစ်ကလင်တန်နဲ့ ဝန်ကြီးဦးဝဏ္ဏမောင်လွင် နှစ်ယောက်လုံးကိုမေးချင်ပါတယ်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားတာတွေကို ဖြေလျှော့ပေးတဲ့အတွက် ဒေသအတွင်း အတော်လေး ဩဇာလွှမ်းမိုးနေတဲ့ တရုတ်နိုင်ငံနဲ့ထိပ်တိုက်ဖြစ်လာနိုင်မလား။ ဒီအတွက် တရုတ်အရာရှိတွေကလည်း စိုးရိမ်ပူပန်မှုတွေရှိနေတယ်လို့ ကြားသိနေရပါတယ်။ ပြီးတော့ မနှစ်က မြစ်ဆုံဆည်တည်ဆောက်ရေး ခေတ္တရပ်ဆိုင်းသွားမှုနဲ့ ပတ်သက်လို့ တရုတ်နိုင်ငံဘက်က စိတ်ပျက်သွားတာကို တွေ့ခဲ့ရပါတယ်။ ကျေးဇူးတင်ပါတယ်။

ဝန်ကြီးမစ္စစ်ကလင်တန် -ကျွန်မ နေပြည်တော်မှာ ပြောခဲ့တာကို ပြန်ပြောပါမယ်။ ဘယ်နိုင်ငံမဆို သူ့ရဲ့အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေး ရပ်ဆိုင်းတာမျိုးကို အမေရိကန်ပြည်ထောင်စုအနေနဲ့ *စာမျက်နှာ ၅ ကော်လံ ၁ သို့*

20-5 (04).pmd 1 5/20/2012, 2:27 AM

စာမျက်နှာ ၄ မှ

မမျှော်လင့်ပါဘူး။ တရုတ်ဟာ မြန်မာနိုင်ငံရဲ့အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကြား ကာလကြာရှည်ခိုင်မာတဲ့ ဆက်ဆံမှုတွေရှိပါတယ်။ ကျွန်မတို့ အခုလုပ်ဆောင်နေတာတွေဟာ မြန်မာနိုင်ငံအစိုးရအဖွဲ့သစ် စတင်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ပိုမိုဖွံ့ဖြိုးလာစေဖို့ ထပ်ပြီးအားဖြည့်ပေးတာပါ။ အမေရိကန်ပြည်ထောင်စုအနေနဲ့ ပြည်သူကိုကိုယ်စားပြုတဲ့ အစိုးရအဖွဲ့၊ ဒီမိုကရေစီ၊ ကောင်းမွန်တဲ့ လုပ်ငန်းခွင်အခြေအနေ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတို့အပေါ် တန်ဖိုးထားပြီး ရပ်တည်တာဖြစ်တဲ့အတွက် ကျွန်မတို့ရဲ့ဆက်ဆံရေးဟာ မြန်မာအစိုးရနှင့် ပြည်သူတွေ လျှောက်လှမ်းချင်တဲ့ ခြေလှမ်းတွေအတွက် အင်မတန်အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

ဒီတော့ ဒီကိစ္စဟာ အခြားနိုင်ငံတစ်နိုင်ငံနဲ့ ပတ်သက်တဲ့ကိစ္စ မဟုတ်ပါဘူး။ ကျွန်မတို့ နှစ်နိုင်ငံကြားက ကိစ္စသာဖြစ်ပါတယ်။ ကျွန်မတို့မြင်တွေ့ခဲ့ရတဲ့ တိုးတက်ပြောင်းလဲမှုတွေနဲ့ ဒီတိုးတက်ပြောင်းလဲမှုတွေ ရှေ့ဆက်ဖြစ်နိုင်ဖို့ ကူညီချင်တဲ့ ကျွန်မတို့ရဲ့ ဆန္ဒအပေါ်မှာ အခြေတည်ခဲ့တာပါ။ နိုင်ငံတွေအနေနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ရော၊ ဒေသတွင်းနဲ့ ကမ္ဘာ့နိုင်ငံများနဲ့ပါ ပိုမိုကောင်းမွန်တဲ့ဆက်ဆံရေး တည်ထောင်လိုကြလိမ့်မယ်လို့ ကျွန်မတို့က အပြည့်အဝယုံကြည်ထားပါတယ်။ ဒီတော့ အဲဒါဟာ တိုင်းပြည်အတွက် တံခါးဖွင့်ပေးဖို့၊ ပြည်သူတွေကို အခွင့်အရေးပိုမိုရရှိစေဖို့ ကောင်းမွန်တဲ့ လုပ်ဆောင်မှုပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေအတွက် ပါဝင်ဆောင်ရွက်ပေးရတာကို ကျွန်မတို့ အင်မတန်ဝမ်းသာကျေနပ်ပါတယ်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင် - တရုတ်နိုင်ငံနဲ့ဆက်ဆံရေးနဲ့ပတ်သက်ပြီး ပြောရရင် ကျွန်တော်တို့ဟာ တရုတ်နိုင်ငံနဲ့ ရှည်လျားပြီး အစဉ်အလာရှိတဲ့ ဆက်ဆံရေးသမိုင်းကြောင်းရှိပါတယ်။ ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တာကြောင့် တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြားမှာ အလွန်ကောင်းမွန်တဲ့ဆက်ဆံရေးရှိပါတယ်။ တရုတ်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပါတယ်။ သူတို့ဆီက ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်နေပါတယ်။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံနေတာတွေလည်း ရှိပါတယ်။ မြစ်ဆုံစီမံကိန်းကို ကျွန်တော်တို့တိုင်းပြည်အတွင်းမှာ စိုးရိမ်ပူပန်မှုတွေရှိတာကြောင့် ခေတ္တရပ်ဆိုင်းခဲ့ခြင်းသာဖြစ်ပြီး တရုတ်နိုင်ငံဘက်ကိုလည်း သေသေချာချာ အကြောင်းကြားခဲ့ပါတယ်။ မြစ်ဆုံစီမံကိန်းဟာ တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှုတွေရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။ သူတို့အနေနဲ့လည်း အခြေအနေကို ကောင်းကောင်းနားလည်သဘောပေါက်ပါတယ်။ တရုတ်က ဒီစီမံကိန်းရပ်ဆိုင်းမှုနှင့်ပတ်သက်ပြီး စိတ်ပျက်သွားခဲ့တယ်လို့ ကျွန်တော်ကတော့ မယူဆပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အာဏာပိုင်တွေနဲ့ သက်ဆိုင်ရာ တာဝန်ရှိဝန်ကြီးဌာနကို ကျွန်တော်တို့အနေနဲ့ သေသေချာချာရှင်းပြခဲ့ပါတယ်။ တရုတ်ကုမ္ပဏီကလည်း ဒီကိစ္စကို ဆွေးနွေးနေဆဲဖြစ်ပါတယ်။ မြန်မာနဲ့တရုတ်အကြား အင်မတန်ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိခဲ့တဲ့အတွက် ဒီကိစ္စကြောင့်တော့ တရုတ်နဲ့အနာဂတ်ဆက်ဆံရေးကို မထိခိုက်ဘူးလို့ ယူဆပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ဆက်ဆံရေးနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့မှာ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ကောင်းမွန်ချစ်ကြည်တဲ့ ဆက်ဆံရေးထားရှိမယ်ဆိုတဲ့ ခိုင်မာတဲ့ နိုင်ငံခြားရေးမူဝါဒရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း အမေရိကန်နိုင်ငံနဲ့ ခိုင်မာတဲ့ ဆက်ဆံရေးတစ်ရပ် တည်ဆောက်နိုင်ဖို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီး မစ္စစ်ကလင်တန် - ကျေးဇူးအထူးတင်ပါတယ်။ **(သတင်းစဉ်)**

ပျိုးဥယျာဉ်များ ပြုစုထိန်းသိမ်း

မင်းလှ မေ ၁၉

ကျေးလက်အိမ်ရာ ထူထောင်ရေး၊ တစ်အိမ်ထောင် ကျွန်း သုံးပင်၊ သစ်မာအပင် ၂၀၊ ကျေးရွာပိုင် သစ်မာစိုက်ခင်း တစ်ရွာတစ်ဧက စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေယာပြုပြင်ခြင်း အသိပညာပေးဟောပြောပွဲကို မင်းလှမြို့နယ် ရွှေဝါမြိုင်ပျိုးဥယျာဉ်တွင် မေ ၁၇ ရက်က ကျင်းပရာ သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်(၂)နှင့် သစ်တောဝန်ထမ်းများမှ ဟောပြောဆွေးနွေးခဲ့ပြီး မြေယာပြုပြင်ခြင်းလုပ်ငန်းနှင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)(ခရိုင်ပြန်/ဆက်)**



သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် စီမံကိန်းတာဝန်ပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၁၉

ရခိုင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်က ပြည်နယ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တာဝန်ပေးအပ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းတာဝန်များကို ကဏ္ဍတာဝန်ခံ ပြည်နယ်ဝန်ကြီးများအား ပေးအပ်ပြီး ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက စစ်တွေ၊ မောင်တော၊ ကျောက်ဖြူနှင့် သံတွဲခရိုင် အုပ်ချုပ်ရေးမှူးများသို့ နှစ်စဉ်စီမံကိန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစားမြင်ကွင်း နိုင်ငံတကာအားကစားမြင်ကွင်း နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး - စုစည်းသည်

(၇)ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးလက်ဝှေ့ပွဲ အဇာဘိုင်ဂျန်မှ ဗက်စတိုပိုဗာအနိုင်ရ

ဘာကူ မေ ၁၉

(၇)ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးလက်ဝှေ့ချန်ပီယံရှစ်ပြိုင်ပွဲကို တရုတ်နိုင်ငံအရှေ့ပိုင်း ကျင်ဟန်တောင်မြို့၌ မေ ၉ ရက် မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ အမျိုးသမီး ၇၅ ကီလိုတန်း၌ အဇာဘိုင်ဂျန်မှ ဗက်စတိုပိုဗာက ဆွီဒင်လက်ဝှေ့မယ် အင်နာလူရယ်အား အနိုင်ရရှိခဲ့သည်။ (ဝဲပုံ)

အဇာဘိုင်ဂျန်လက်ဝှေ့မယ် ဗက်စတိုပိုဗာသည် ဆွီဒင်လက်ဝှေ့မယ် အင်နာလူရယ်အား အပြန်အလှန်ထိုးသတ်ခဲ့ရသည်။ အင်နာလူရယ်၏ ဂိုက်လက်သီးများကို ကြိုးစားရှောင်တိမ်းခဲ့ပြီး ပင့်လက်သီးများကိုလည်း ကာကွယ်ဟန့်တားခဲ့ရသည်။

ပွဲအပြီးတွင် ဗက်စတိုပိုဗာက အမှတ်ဖြင့်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိခြင်းကြောင့် ဗက်စတိုပိုဗာသည် ၂၀၁၂ လန်ဒန်အိုလံပစ်၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်ရေး မျှော်လင့်နိုင်ပြီဖြစ်သည်။ ယခုလက်ဝှေ့ပြိုင်ပွဲသည် နိုင်ငံတကာမှ အသက် ၁၇ နှစ်မှ ၃၄ နှစ်အတွင်း အမျိုးသမီးလက်ဝှေ့ပွဲဖြစ်ပြီး ဝိတ်တန်း ၁၀ တန်း၌ ယှဉ်ပြိုင်ထိုးသတ် ပြိုင်ပွဲဝင်ကြခြင်း ဖြစ်သည်။ ယင်းဝိတ်တန်းများမှာ ၄၅-၄၈ ကီလိုတန်း၊ ၅၁ ကီလိုတန်း၊ ၅၄ ကီလိုတန်း၊ ၅၇ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၄ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၈၁ ကီလိုတန်းနှင့် ၈၁ ကီလိုတန်းတို့ဖြစ်သည်။ ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပွဲတော်၌ ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲကို ထည့်သွင်းကျင်းမည်ဖြစ်ရာ ဝိတ်တန်းသုံးတန်း၌ ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ယင်းဝိတ်တန်းများမှာ ၄၈-၅၁ ကီလိုတန်း၊ ၅၇-၆၀ ကီလို တန်း၊ ၆၉-၇၅ ကီလိုတန်းတို့ဖြစ်သည်။ ယခုလက်ဝှေ့ပြိုင်ပွဲ၌ အနိုင်ရရှိသူများသည် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အောင်ပွဲများရရှိရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ (အင်တာနက်)

ရောမမာစတာတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာဖိုင်လ်လုပွဲတက်ရောက်

ရောမ မေ ၁၉

အီတလီနိုင်ငံ ရောမမြို့တွင်ကျင်းပလျက်ရှိသော ရောမမာစတာ တင်းနစ်ပြိုင်ပွဲကို မေ ၁၉ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး တစ်ဦးချင်း အကြိုဗိုလ်လုပွဲစဉ်၌ ရှာရာပိုဗာက ဂျာမနီမှ ကာဘာကို အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သည်။ **(ယာပုံ)**

အကြိုတ်အနယ်

ရုရှားတင်းနစ်မယ်ရှာရာပိုဗာသည် ဂျာမနီတင်းနစ်မယ် ကာဘာအား ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲ၌ ရှာရာပိုဗာသည် အနိုင်ရရှိရန် အကြိုတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ရှာရာပိုဗာသည် ဗိုလ်လုပွဲတွင် တရုတ်တင်းနစ်မယ် လီနာနှင့် ကစားရမည်ဖြစ်သည်။ လီနာ၏ပြိုင်ဘက် ဆီရီနာဝီလျံ ဒဏ်ရာရနေသဖြင့် အလိုအလျောက်ဗိုလ်လုပွဲသို့တက်ခဲ့ပြီး ရှာရာပိုဗာနှင့် လီနာတို့ တွေ့ခြင်းဖြစ်သည်။ ရှာရာပိုဗာက လီနာကို ၂၀၁၂ မီယာမီအိုးပင်းတွင် ၆-၃၊ ၆-၀ဖြင့် နောက်ဆုံးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဝီဂန်အသင်းနည်းပြ ရော်ဘတ်တိုမာတီနက်ဇ်

ဝီဂန်အသင်းနည်းပြအား လီဗာပူးခေါ်ယူရန်ဆွေးနွေး

လန်ဒန် မေ ၁၉

လီဗာပူးအသင်းသည် နည်းပြ ကင်နီဒဲလ်ဂလစ် ထွက်သွားပြီးနောက် နည်းပြတစ်ဦးကို လိုက်ရှာလျက်ရှိသည်။ ကာလင်းဖလားဗိုလ်စွဲခဲ့သည့် လီဗာပူးအသင်းသည် နည်းပြတစ်ဦး အလိုရှိနေသည်။

လီဗာပူးက ဝီဂန်အသင်းနည်းပြ ရော်ဘတ်တိုမာတီနက်ဇ်အား ခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်ကြောင်း ၄င်းကလပ်က ကြေညာသည်။ လီဗာပူးအသင်း၏ ချဉ်းကပ်မှုကြောင့် မာတီနက်ဇ်အား လီဗာပူးနှင့် ဆွေးနွေးရန် ခွင့်ပြုပေးလိုက်ကြောင်း ဝီဂန်အသင်း ဥက္ကဋ္ဌ ဝီလန်က ပြောကြားသည်။ လာမည့်ရာသီ လီဗာပူးအသင်းနည်းပြဖြစ်လာရေးအတွက် ဆွေးနွေးနိုင်ပြီဖြစ်ကြောင်း ဝီဂန်အသင်းဥက္ကဋ္ဌက ၄င်း၏နည်းပြ မာတီနက်ဇ်အား ဖုန်းဆက်အကြောင်းကြားခဲ့သည်။ လီဗာပူးအသင်းသည် ပြီးခဲ့သည့်ရာသီက ချန်ပီယံလိဂ်ဝင်ခွင့်မရခဲ့သော်လည်း ကာလင်းဖလားကို ဆွတ်ခူးခဲ့သည့်အသင်းဖြစ်သည်။ **(အင်တာနက်)**

အင်္ဂလန်နည်းပြဟောင်း ကာပယ်လို ချယ်လ်ဆီးနည်းပြလုပ်လိုကြောင်း ပြောကြား

လန်ဒန် မေ ၁၉

လာမည့်နှစ် နွေရာသီတွင် ဂွါဒီယိုလာကို ခေါ်ယူခြင်းမတိုင်မီ ကာလတိုအဖြစ် ချယ်လ်ဆီးနည်းပြလုပ်ပေးရန် ဆန္ဒရှိကြောင်း အင်္ဂလန်နည်းပြဟောင်း ကာပယ်လိုက ပြောကြားလိုက်သည်။

အသက် ၆၅ နှစ်ရှိ အင်္ဂလန်နည်းပြဟောင်း ကာပယ်လို (ယာပုံ)က အီတလီမြောက်ပိုင်းမှ ဂျာမနီနိုင်ငံ မြူးနစ်သို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲကြည့်ရှုရန်အတွက် လေဆိပ်မှမထွက်ခွာမီ သတင်းထောက်များအား ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြောကြား

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ် ခွင့်ပြုမည်ဆိုလျှင် ချယ်လ်ဆီးအသင်းကို လာမည့်နှစ်ချန်ပီယံလိဂ် ခြေစစ်ပွဲအောင်သည်အထိ နည်းပြလုပ်ပေးလိုကြောင်း ကာပယ်လိုက ပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်တွင် ဗိုလ်စွဲနိုင်မှု မရှိလျှင် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရမည် မဟုတ်ပေ။

(အင်တာနက်)

ပြည်တွင်းပြည်ပမှ အထောက်အထားများ၊ အချက်အလက်များ စုဆောင်းရှာဖွေ မြန်မာနိုင်ငံသမိုင်းကို တစ်ဆက်တစ်စပ်တည်းပြည့်စုံသည့် သမိုင်းအဖြစ် ပြီးစီးအောင်ရေးသား

တွေ့ဆုံမှာကြား

မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာသမိုင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၉

မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာသမိုင်းအဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အုန်းကြည်၊ ဦးကျော်၊ ဦးကျော်ငြိမ်း၊ ဒေါက်တာချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးသက်ထွန်းနှင့် ဒေါက်တာသော်ကောင်းတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသမိုင်းပြုစုရေးနှင့် ပတ်သက်၍ မြန်မာသမိုင်းအဖွဲ့၊ သမိုင်းသုတေသနဦးစီးဌာန၊ အမျိုးသားမော်ကွန်းတိုက်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ သမိုင်းဌာနများ၊ ပြင်ပသမိုင်းသုတေသီများ ပူးပေါင်း၍ ပြည့်စုံခေတ်မီ၍ သိပ္ပံနည်းကျသော သမိုင်းအဖြစ် ရေးသားပြုစုနိုင်အောင် ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံသမိုင်းကို တစ်ဆက်တစ်စပ်တည်းသော ပြည့်စုံသည့် သမိုင်းအဖြစ်ပြီးစီးအောင် ရေးသားပြုစုရေး၊ ထိုသို့ရေးသားပြုစုရာတွင် ပြည်တွင်းပြည်ပမှ အထောက်အထားများ၊ အချက်အလက်များ စုဆောင်းရှာဖွေစိစစ်၍ ရေးသားနိုင်ရေး၊ သမိုင်းမှ မြန်မာတို့၏ အစဉ်အလာကောင်းများကို သမိုင်းပညာဖြင့် ဖော်ထုတ်ထိန်းသိမ်းကာ လူမှုပြဿနာများဖြေရှင်းရာတွင် စံများ၊ သင်ခန်းစာများချမှတ်ပေးနိုင်ရန် ဆောင်ရွက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားမှုများ၊ ယဉ်ကျေးမှုအမွေအနှစ် မြင့်မားမှုများကို သမိုင်းဖြင့်ဖော်ထုတ်၍ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းရာတွင် အထောက်အကူပြုနိုင်ရန်ဆောင်ရွက်ရေး၊ မျိုးဆက်သစ် သမိုင်းပညာရှင်များ ပေါ်ထွက်လာရေးအတွက် လေ့ကျင့်ပျိုးထောင်ရေး၊ သမိုင်းသုတေသီများကို သမိုင်းသုတေသနနည်းနိဿယများ သင်ကြားလေ့ကျင့်ပေးနိုင်အောင်ဆောင်ရွက်ရေး၊ Historical Association ကဲ့သို့သော သမိုင်းဆိုင်ရာ NGO အဖွဲ့အစည်းများ ပေါ်ပေါက်လာရေးနှင့် ယင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆောင်ရွက်ရေး၊ မြန်မာ့သမိုင်းပြုစုရေးနှင့် သုတေသနလုပ်ငန်းများတွင် UNESCO, UNDP အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆက်သွယ်ဆောင်ရွက်ရေး စသည့်အချက်များအား အကျယ်တဝင့်ဆွေးနွေးပြီး သမိုင်းပညာရှင်များ၏ သဘောထားများ၊ ပြန်လည်ဆွေးနွေးချက်များအား ပေါင်းစပ်ညှိနှိုင်းကာ သမိုင်းသုတေသနဦးစီးဌာန၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ဖြည့်စွက်ထည့်သွင်း သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့်ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာသော်ကောင်း၊ ဦးသက်ထွန်း၊ ဒေါက်တာတိုးလှ၊ ဒေါက်တာကျော်ဝင်း၊ ဒေါ်အုန်းကြည်၊ ဒေါက်တာချစ်စံဝင်းနှင့် ဦးကျော်တို့က ပြန်လည်ဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

၂၀-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၂၀	MRTV-4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၇)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၁)
၁၁း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၃)
၂း၀၀	MRTV-4 သတင်း
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love **အချစ်သင်္ကေတ** (အပိုင်း-၆)
၃း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၁)
၆း၀၀	MRTV-4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၈)
၈း၀၀	MRTV-4 သတင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၂)
၁၀း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၄)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက ပညာရေးဝန်ကြီးဌာန ၂၀၁၂ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၉

ပညာရေးဝန်ကြီးဌာန ၂၀၁၂ ခုနှစ် အမျိုးသား ပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက ပြောင်းလဲလာသော နိုင်ငံတော်၏အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် အဆင့်မြင့်ပညာကဏ္ဍ အဆင့်မြင့်မားရေးအတွက် စေတနာအပြည့်ဖြင့် ဝိုင်းဝန်းဆွေးနွေးကြရန် တိုက်တွန်းမှာကြားသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျင်းပ

နှီးနှောဖလှယ်ပွဲကို မေ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကေအိုင်အေလက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ၂၃၀ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် (၇၃)၊ (၂၀၆)၊ (၂၀၇)၊ (၂၀၈)ပျက်စီး

နေပြည်တော် မေ ၁၉

မေ ၁၈ ရက် ည ၈ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပန်ကနိုင်းကျေးရွာအနီးရှိ ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းတာဝါတိုင်အမှတ်(၇၃)သည် ကေအိုင်အေလက်နက်ကိုင်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာဝါတိုင်၏ အောက်ခြေခြေထောက်(၁)ချောင်းမှာ အုတ်ခုံ၏အထက် (၃)လက်မခန့်အကွာတွင် (၂)လက်မခန့်ပြတ်သွားပြီး ကျန်ခြေထောက်(၂)ချောင်းမှာ အုတ်ခုံ၏အထက် (၆)လက်မခန့်အကွာတွင် (၃)လက်မခန့် ပေါက်ထွက်သွားခဲ့သည်။

ဓာတ်အားပြတ်တောက်

အလားတူ မေ ၁၉ ရက် နံနက် ၂ နာရီ ၄၇ မိနစ်တွင် အဆိုပါ ဓာတ်အားလိုင်းရှိ တာဝါတိုင်အမှတ် (၂၀၆၊ ၂၀၇၊ ၂၀၈) တို့အား မိုင်းခွဲဖျက်ဆီးခံရ၍ တာဝါတိုင်အမှတ် (၂၀၆)နှင့် (၂၀၇)သည် အောက်ခြေ ခြေထောက်(၄)ချောင်း ပြတ်ထွက်ပြီး မြေပြင်သို့ပြိုလဲပျက်စီးခြင်း၊ တာဝါတိုင်အမှတ်(၂၀၈)သည် တစ်ဝက်ခန့် တိမ်းစောင်းသွားခြင်းများ ဖြစ်ပွားခဲ့သည်။ အဆိုပါဖောက်ခွဲဖျက်ဆီးမှုများကြောင့် ဓာတ်အားပို့လွှတ်နိုင်ခြင်း မရှိသဖြင့် ဓာတ်အားစနစ်အတွင်း (၂၀၀) မဂ္ဂါဝပ်လျော့နည်းပြီး ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိအခြေအနေတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုပိုမိုလျော့နည်းသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါတာဝါတိုင်များအား အမြန်ပြုပြင်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကေအိုင်အေလက်နက်ကိုင်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းတာဝါတိုင် အမှတ် (၂၀၇)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် အသင်းသားစုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို မေ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ Myanmar International Convention Centre (MICC) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြရန်ဖိတ်ကြားထားကြောင်းနှင့် အသင်းချုပ်မှစီစဉ်သော ရန်ကုန်-နေပြည်တော် နေ့ချင်းပြန် မော်တော်ယာဉ်ဖြင့် လိုက်ပါတက်ရောက်လိုသော အသင်းသားများသည် အသင်းချုပ်ရုံးတည်ရှိရာ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၃၄၄မှ ၂၁၄၃၄၉ အထိ ဖက်စ်-၂၁၄၄၈၄ တို့သို့ မေ ၂၃ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ပြီး တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ကောလင်းမြို့နယ် စာရေးဆရာအသင်း ရွေးချယ်ဖွဲ့စည်း

ကောလင်း မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာရေးဆရာအသင်း ရွေးချယ်တင်မြှောက်ပွဲကို မေ ၁၀ ရက်က မြို့နယ်အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)၊ အတွင်းရေးမှူး ဦးပြည့်စုံငြိမ်း(ရွှေလင်းပြည့်စုံ)၊ ဘဏ္ဍာရေးမှူး ဦးနေဦး (အမျိုးသားစာပေဆုရ-ကိုနေ-ကောလင်း)၊ ကော်မတီဝင်များအဖြစ် ဦးမြင့်အောင် (သိန်းကျော်မြင့်-ကောလင်း)၊ ဦးမင်းချိုဦး(မင်းချိုဦး)တို့ဖြင့် ရွေးချယ်ဖွဲ့စည်းပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)အား ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ (၀၉၂)

ပဲခူး၌ ကိုဒူကွဲရေလှောင်တမံ၊ စလူရေလှောင်တမံနှင့် ရွှေလောင်းရေလှောင်တမံဖွင့်ပွဲများ ကျင်းပ

စိုက်ပျိုးမြေဧရိယာ ၆၅၇၇၄ ဧကကို ဆည်ရေဖြင့်အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ်များ ပိုမိုအောင်မြင်စွာ တိုးတက်စိုက်ပျိုးလာနိုင်မည်

နေပြည်တော် မေ ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကိုဒူကွဲရေလှောင်တမံ၊ စလူရေလှောင်တမံနှင့် ရွှေလောင်းရေလှောင်တမံများ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ကိုဒူကွဲရေလှောင်တမံသည် ပဲခူးမြို့နယ် ဇောင်းတူရေလှောင်တမံ၏အောက်ဘက် ၁၃ မိုင်အကွာတွင် တည်ရှိပြီး ပင်မတမံအလျား ပေ ၁၁၃၀၊ အမြင့်ပေ ၉၀၊ ရေပမာဏ ဧကပေ ၁၄၈၅၀၀ သိုလှောင်နိုင်မည့် မြေသားတမံဖြစ်သည်။

စလူရေလှောင်တမံသည် ပဲခူးမြို့နယ် ဝံကိုက်လျှိုကျေးရွာအနီးတွင်တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်ကာ တမံအလျား ၅၇၂၈ ပေ၊ အမြင့် ၈၈ ပေ၊ ရေသိုလှောင်နိုင်မှု ပမာဏ ဧကပေ ၉၀၀၀၀ ရှိသည်။

ရွှေလောင်းရေလှောင်တမံမှာ ပဲခူးမြို့နယ် ကျွန်းပင်ရွာအနီးတွင် တည်ရှိပြီး တမံအလျား ပေ ၄၇၀၀၊ အမြင့် ၉၂ ပေ၊ ရေသိုလှောင်နိုင်မှု ပမာဏ ဧကပေ ၁၀၃၇၀၀ ရှိသည်။

အထောက်အကူပြု

၎င်းရေလှောင်တမံများ တည်ဆောက်ခြင်းကြောင့် ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များရှိ ကျေးရွာအုပ်စု ၈၆ စုတွင် နှစ်စဉ် ရေလွှမ်းမိုးမှုခံနေရသည့် စိုက်ပျိုးမြေ ၈၃၇၉၄ ဧကကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ယင်းရေလှောင်တမံများမှရေကို ဇောင်းတူရေလွှဲဆည်မှတစ်ဆင့် သနပ်ပင်- သုံးခွကားလမ်းတစ်လျှောက်ရှိ ကျေးရွာ ၂၈ ရွာမှ စိုက်ပျိုးမြေဧရိယာ ၆၅၇၇၄ ဧကကို ဆည်ရေဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် ယင်းလယ်မြေများတွင် မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ်များ ပိုမိုအောင်မြင်စွာ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။

ရေလှောင်တမံများ ဖွင့်ပွဲအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် ၎င်းဆည်တာတမံစီမံကိန်းသုံးခုသည် ပဲခူးတိုင်းဒေသကြီးအတွင်း နှစ်စဉ်ရေကြီးနစ်မြုပ်မှုနှင့် ရေလွှမ်းမိုးမှုခံခဲ့ကြရသည့် ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များရှိ မြို့ရွာများ၊ အိမ်ရာများ၊ လယ်ယာမြေများအား ရေကြီးနစ်မြုပ်မှု အန္တရာယ်မှ ထိထိရောက်ရောက် ကာကွယ်နိုင်ရန်နှင့် ဆည်တာတမံသုံးခုတွင် သိုလှောင်ထိန်းသိမ်းထားနိုင်သည့် စုစုပေါင်း ရေဧကပေ ၃၄၂၂၀၀ အား နွေရာသီလိုအပ်ချိန်တွင် ဇောင်းတူရေလွှဲဆည်သို့ ရေချပေးပြီး ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း အဆင့်ဆင့်ရောက်ရှိကာ သနပ်ပင်-သုံးခွ ကားလမ်းဘေး တူးမြောင်းများမှတစ်ဆင့် ရေကို ရောက်ရှိစေပြီး ရန်ကုန်တိုင်းဒေသကြီး မိုင် ၁၀ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း နှစ်ပေါင်းများစွာ မိုးတွင်းကာလတွင် ရေလွှမ်းမိုးမှုအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် မြို့ရွာများအနေဖြင့် ယခင်နှစ်၊ ယခုလိုအချိန်ကာလတွင် ကြုံတွေ့ခံစားခဲ့ရသည့် အခက်အခဲများကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတတို့ကိုယ်တိုင် မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စာနာမျှဝေခံစားခဲ့ကြကာ ၎င်းဆည်တာတမံသုံးခုလုပ်ငန်းများကို ပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော်ရန် လမ်းညွှန်တာဝန်ပေးချက်အရ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးအင်ဂျင်နီယာများ၊ တည်ဆောက်ရေးကုမ္ပဏီများ၊ စက်ယန္တရားများ အင်အားစုစုပေါင်း ၈၀၀ ကျော်ဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းတည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ကိုဒူကွဲရေလှောင်တမံစီမံကိန်းသည် ယခင်အစိုးရကာလ ၂၀၀၆-၂၀၀၇ ခုနှစ်က စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့သည့် စီမံကိန်းဖြစ်သည့်အားလျော်စွာ မိမိတို့အနေဖြင့် အမွေခံကောင်းအဖြစ်ခံယူပြီး ယခုကဲ့သို့ တစ်နှစ်တာကာလအတွင်း ပြီးစီးအောင် တည်ဆောက် အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် နိုင်ငံသားများ၏ အကျိုးအတွက် အမြော်အမြင်ကြီးမားစွာဖြင့် စတင်တည်ဆောက် အုတ်မြစ်ချပေးခဲ့သော နိုင်ငံ့ခေါင်းဆောင်များအပေါ်တွင်လည်း ၎င်းဒေသနေပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

၎င်းရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းများ၏ တိုက်ရိုက်အကျိုးကျေးဇူးများဖြစ်သည့် စိုက်ပျိုးမြေများအား ရေလွှမ်းမိုးမှုမှကာကွယ်နိုင်ခြင်း၊ စိုက်ပျိုးရေများ လုံလောက်စွာအသုံးပြုနိုင်ခြင်း၊ ယခင်က သောက်ရေသုံးရေအတွက်ပင်လျှင် အခက်အခဲတွေ့ရှိနေကြရသော ဒေသနေပြည်သူများအတွက် စိုက်ပျိုးရေအကျိုးသာမက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာစေမှု အကျိုးကျေးဇူး၊ ဆည်တာတမံကြီးကြောင့် သဘာဝတောတောင်သစ်ပင်များအား ပိုမိုစိမ်းလန်းသာယာစေမည့်အကျိုးကျေးဇူး၊ အိမ်မွေးတိရစ္ဆာန်များအပါအဝင် သဘာဝတောရိုင်းတိရစ္ဆာန်များ၊ ကျေးငှက်သာရကာများအတွက် စားကျက်မြေနှင့်မှီခိုအားထားရာ ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာစေမည့် အကျိုးကျေးဇူးများ ရရှိခံစားစေနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အကြိမ်ကြိမ် အတိအလင်း ကြေညာထားရှိပြီးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအခြေခံလုပ်ငန်းတာဝန်ဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတာဝန်အပေါ်တွင် မိမိကိုယ်တိုင်တာဝန်ခံထားရသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားတစ်ဦးချင်းစီ၏ လူနေမှုဘဝနှင့်ဝင်ငွေအား နှစ်ဆမှသုံးဆအထိ လက်တွေ့အလျင်အမြန် တိုးတက်ရရှိခံစားနိုင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စိုက်ပျိုးရေးအထူးပြု လုပ်ငန်းရှင်ကြီးများ၊ ကုမ္ပဏီကြီးများမှ တောင်သူလယ်သမားများနှင့်အတူ လက်တွဲပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ၎င်းရေလှောင်တမံသုံးခုအား ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လက်ဆင့်ကမ်း ဆက်လက်တာဝန်ယူကြရမည့် မိမိတို့အားလုံးအနေဖြင့်လည်းကောင်း၊ ရေရှည်ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်းကောင်း၊ ထိရောက်အကျိုးရှိစွာ ရေရှည်အသုံးပြုကြရမည့် ဒေသနေပြည်သူများအနေဖြင့်လည်းကောင်း၊ အဘက်ဘက်မှစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းလိုကြောင်း။

ဖဲကြိုးဖြတ်ဖွင့်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့ စလူရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားအားလုံးတို့၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအတွက် ငွေကြေးတန်ဖိုးပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့သော နိုင်ငံတော်၏စေတနာအကျိုးကျေးဇူးတို့ကို တုံ့ပြန်သောအားဖြင့် မိမိတို့ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ နိုင်ငံနှင့်တစ်ဝန်း ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ခိုင်ခိုင်မြဲမြဲအတူလက်တွဲကြပြီး အမိနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး လျင်မြန်သောအရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင်ကြိုးပမ်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရေထုတ်စနစ်ကောင်းမွန်ရန်လို

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကားပြောကြားရာတွင် ယမန်နှစ်က ပဲခူးမြစ်အတွင်း ပဲခူးရိုးမမှ မိုးရေများ စီးဝင်မှုနှုန်းများပြားခဲ့၍ ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်အတွင်း လူနေရပ်ကွက်များ၊ စိုက်ပျိုးထားသော လယ်ယာမြေများ ရေလွှမ်းနစ်မြုပ်မှုဖြစ်ခဲ့ရပြီး ဒေသခံလူထုဒုက္ခမျိုးစုံ ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းပြဿနာများအထိုက်အလျောက် လျှော့ချနိုင်စေရန် ပဲခူးမြစ်အတွင်း စီးဆင်းမည့် မိုးရေများကို ထိန်းချုပ်ရန်လိုသကဲ့သို့ ပဲခူးမြစ်ဝှမ်းတစ်လျှောက် ရေထုတ်စနစ်များ ကောင်းမွန်ရန်လည်းလိုသည်ဟု လေ့လာသိရှိခဲ့ရကြောင်း။

ယခုကဲ့သို့ စလူ၊ ကိုဒူကွဲ၊ ရွှေလောင်းရေလှောင်တမံများကို တည်ဆောက်ခြင်းအားဖြင့် ပဲခူးမြစ်ရေကြီးမှုကြောင့် ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များရှိ မြို့ရွာများ၊ လယ်ယာမြေများ နှစ်စဉ်ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်နိုင်တော့မည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သော ရေလှောင်တမံများသည် ၁၉၈၈ ခုနှစ်မှ ယနေ့ကာလအထိ ဆည်မြောင်းတာတမံ၊ ရေလှောင်တမံ စုစုပေါင်း (၂၃၆) ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက တာဝန်ယူပြီးနောက် တည်ဆောက် ပြီးစီးခဲ့သော သုံးခုမြောက်ဆည်မြောင်းစီမံကိန်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီးအနေဖြင့် (၄၉)ခုမြောက် ဖွင့်လှစ်သော ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ စလူ၊ ကိုဒူကွဲ၊ ရွှေလောင်းရေလှောင်တမံများကို ရင်းနှီးမြှုပ်နှံအကုန်အကျခံပြီး တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့်အပြင် လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ လက်ရှိ စိုက်ပျိုးသောမြေဧရိယာဧက တိုးချဲ့စိုက်ပျိုးရန်၊ အထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ အသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုစိုက်ပျိုးရန်၊ သွင်းအားစုဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတို့ကို အချိန်ကိုက် အချိုးကျအသုံးပြုရန် မျိုးစေ့သုံးစွဲခြင်း၊ သွင်းအားစုသုံးစွဲခြင်းနှင့် လုပ်အားခများအပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့် ဆုံးရှုံးမှုလျော့နည်းသက်သာအောင် ဆောင်ရွက်ရန်စသည်တို့ကို အတတ်နိုင်ဆုံး ပညာပေး ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးနေခြင်းသည် မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ ဆောင်ရွက်ချက်စေတနာများပင်ဖြစ်ကြောင်း။

စလူ၊ ကိုဒူကွဲ၊ ရွှေလောင်းရေလှောင်တမံကြီးများ ရေရှည်တည်တံ့ခိုင်မြဲပြီး စပါးအပါအဝင် အခြားသီးနှံများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ တိုးတက်ထုတ်လုပ်လာနိုင်ရေး၊ ပြည်သူလူထုအပေါင်း ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး၊ လယ်သမားဘဝဝင်ငွေနှစ်ဆတိုးစေပြီး လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ လယ်သမားတစ်ခေတ်ဆန်းသစ်လာစေရေး၊ တစ်နှစ်ပတ်လုံး ဒေသစိမ်းလန်းစိုပြည်ရေး၊ ရေချိုငါးများ၊ မွေးမြူလာနိုင်ရေး၊ ခြောက်သွေ့ရာသီတွင် ကျွဲနွားများ သောက်သုံးရေရရှိရေး၊ ရေသိုလှောင်ထားသဖြင့် မီးဘေးအန္တရာယ်အတွက် အထောက်အကူပြုစေရေးနှင့် ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်တို့တွင် နှစ်စဉ်ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်နိုင်ရေးတို့အတွက် မိမိတို့တိုင်းဒေသကြီးအတွင်းရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ဒေသခံပြည်သူများက အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စလူရေလှောင်တမံကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် စလူရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် စလူရေလှောင်တမံ၊ ရွှေလောင်းရေလှောင်တမံနှင့် ကိုဒူကွဲရေလှောင်တမံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စီမံကိန်းတာဝန်ပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၁၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၁၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စီမံကိန်းရည်မှန်းချက်များ လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး တာဝန်ရှိသူများအား စီမံကိန်းတာဝန်များပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ သနပ်ပင်လမ်းရှိ လိပ်ပြာကန် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းပဲခူးတိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲတွင် တာဝန်ရှိသူများအား တာဝန်များပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း မိုးကြိုးပစ်သတင်း

မိုးခိုနေစဉ် မိုးကြိုးပစ်ခံရ၍ လူသုံးဦးသေဆုံး

တောင်ငူ မေ ၁၉

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ခင်ကုန်းကျေးရွာ ခွာဖြူအင်းတဲကုန်းအနီး ညောင်ပင်အောက်တွင် မေ ၁၅ ရက် ည ၇ နာရီခန့်က မိုးကြိုးပစ်ခံရ၍ လူသုံးဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ကျောင်းကုန်းရွာနေ မစန်းမော် အသက် (၃၃)နှစ်(ဘ)ဦးဖိုးစန်း၊ မောင်ပြောင်းဆန် အသက် (၃)နှစ်(ဘ)ဦးစိုး၊ မဇင်မာအေး အသက် (၂၂) နှစ် (ဘ) ဦးစိုးနိုင်တို့သည် မိုးရွာနေသဖြင့် ညောင်ပင်အောက်တွင် မိုးခိုနေစဉ် မိုးကြိုးပစ်ခံရ၍ သုံးဦးစလုံးမှာ ညိုမည်းဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးခဲ့သည်။ ၎င်းတို့အနီးရှိ မောင်မင်းနိုင် အသက် (၂၃) နှစ်(ဘ) ဦးမောင် ကျောင်းကုန်းရွာနေသူသည် စက်ကွင်းမိ၍ သတိလစ်မေ့မျောသွားခဲ့သည်။

မစန်းမော်၊ မောင်ပြောင်းဆန်၊ မဇင်မာအေးတို့ သေဆုံးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **(၁၂၃)**

လေးမျက်နှာနှင့် ဝါးခယ်မမြို့နယ်၌ မိုးကြိုးပစ်ခံရ၍ သေဆုံးမှုများဖြစ်ပွား

လေးမျက်နှာ မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်နှင့် ဝါးခယ်မမြို့နယ်များတွင် တစ်နေ့တည်း မိုးကြိုးပစ်သေဆုံးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ မေ ၁၈ ရက် နံနက် ၆ နာရီခန့်က လေးမျက်နှာမြို့နယ် ပန်းတင်ကုန်းကျေးရွာနေ ဦးစိုးကြီး အသက် (၃၉) နှစ်(ဘ) ဦးရီဝင်းနှင့် တစ်ရွာတည်းနေ ဆန်းဝင်း အသက် (၃၅)နှစ် (ဘ) ဦးမောင်မောင်တို့သည် အုတ်ဖုတ်လုပ်ငန်းများ လုပ်ကိုင်နေကြစဉ် ဆန်းဝင်းမှာ မိုးကြိုးပစ်ခံရပြီး သေဆုံးသွားကြောင်း သိရသည်။

အလားတူ မေ ၁၈ ရက် နံနက် ၁၁ နာရီခန့်ကလည်း ဝါးခယ်မမြို့နယ် သစ်ဖြူချောင်းကျေးရွာနေ ဦးအောင်မြင့်၏လယ်ကွင်းထဲ၌ ငါးပိချောင်းကျေးရွာနေ သန့်ဇင် အသက် (၁၈) နှစ် လယ်သူရင်းငှားသည် ထယ်ထိုးနေရာမှ မိုးကြိုးပစ်ခံရပြီး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ **(၀၇၇)**

❖ ရှေ့ဖုံးမှ

ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဖတ်ကြားချီးမြှင့်

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယသြဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။

(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဖတ်ကြားချီးမြှင့်တော်မူသည့် သာရဏီယသြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးများ တည်ထောင်ထားရှိပြီး ပရိယတ္တိစာမေးပွဲများကို နိုင်ငံတော်အစိုးရက ကြီးမှူး၍ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အသီးသီးရှိ ဆရာတော်များဦးဆောင်၍ ဒေသဆိုင်ရာ ပရိယတ္တိစာမေးပွဲများကို သက်ဆိုင်ရာမြို့ရွာဒေသအလိုက် လည်းကောင်း ကျင်းပပေးလျက်ရှိရာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးမှာမူ ပရိယတ္တိစာမေးပွဲနယ်ပယ်တွင် စာအဆင့်အမြင့်မားဆုံးနှင့် ရက်အရှည်ကြာဆုံး ကျင်းပရသော စာမေးပွဲကြီးဖြစ်ပါကြောင်း။

တိပိဋကဓရ တိပိဋက ကောဝိဒ စာမေးပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပခဲ့ရာ ၁၉၄၈ ခုနှစ် ပထမအကြိမ်မှ ယခု ၂၀၁၂ ခုနှစ် (၆၄)ကြိမ်အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပိဋကသုံးပုံကို အာဂုံရေးဖြေ အောင်မြင်တော်မူသဖြင့် တိပိဋကဓရတိပိဋကကောဝိဒ အောင်မြင်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဘိဓမ္မာ ဒုတိယပိုင်းနှစ်ကျမ်း အာဂုံအောင်မြင်တော်မူသော တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ပညာသိရီလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်စဉ်။
(သတင်းစဉ်)

အရှင်မြတ်(၁)ပါးနှင့်ပိဋကသုံးပုံနောက်ဆုံးကျမ်းကို အာဂုံအောင်မြင်သဖြင့် တိပိဋကဓရ ဘွဲ့လက်မှတ် ဆက်ကပ်ခံယူမည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်မှ ဘဒ္ဒန္တပညာသိရီလင်္ကာရသာသနဓဇအာဇာနည်အရှင်မြတ် (၁)ပါးတို့ ပေါ်ထွန်းခဲ့ရာ ထိုအရှင်မြတ်နှစ်ပါးအပါအဝင် တိပိဋကဓရ တိပိဋကကောဝိဒ လောင်းလျာ သာသနာ့အာဇာနည်အရှင်မြတ်အပေါင်းတို့အား ချီးကျူးပူဇော်ခွင့် ရရှိကြခြင်း

ရေးဖြေအောင်မြင်၍ ပိဋကနှစ်ပုံခွဲအောင် အရှင်မြတ် (၂)ပါး၊ ပိဋကနှစ်ပုံရေးဖြေအောင် အရှင်မြတ်(၂)ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် အရှင်မြတ် (၄)ပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် အရှင်မြတ် (၂)ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် အရှင်မြတ် (၂၇)ပါး၊ ဝိနယပိဋက ရှေ့ပိုင်းရေးဖြေအောင် အရှင်မြတ် (၁၀)ပါး၊ ဝိနယပိဋက ရှေ့ပိုင်းအာဂုံအောင် အရှင်မြတ် (၄၄)ပါး စုစုပေါင်း သာသနာ့အာဇာနည် (၉၃)ပါးတို့

အောင်မြင်တော်မူခဲ့ကြပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ် ပေါ်ထွန်းလာသည့် "သုနက္ခတ္တံ သုမင်္ဂလံ" ချိန်ခါသမယနှင့် လျော်ညီစွာ သာသနာတော်အတွက် အားတက် ဝမ်းမြောက်ဖွယ်ရာဖြစ်သည့် တိပိဋကဓရ တိပိဋကကောဝိဒပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ပေါ်ထွန်းလာခြင်းသည် တပည့်တော်တို့ ဒါယကာဒါယိကာမများ

ပြုသည့် ဒါယကာ ဒါယိကာမအပေါင်းတို့ကို "သာသနာတော်သည် ဘုန်းကံပါရမီရှိသူတို့သာ ရအပ်၏" ဟူသော ဆရာတော်ကြီးများ၏ သြဝါဒဒေသနာတော်တွင် ပါရှိသည့်အတိုင်း ရှေးကပြု

အတွက် ကုသိုလ်အကျိုးတရားများ ဆတက်ထမ်းပိုးတိုးရန် အကြောင်းဖြစ်ပါကြောင်း၊ သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဆွမ်းအစရှိသည့် အာမိသာနုဂ္ဂဟဖြင့် လှူဒါန်းထောက်ပံ့ခွင့်ရကြသော နိုင်ငံတော်အစိုးရ အမှူး

ဖန် ဘုန်းကံကြီးမြတ်သူများအဖြစ် အရတော်ပေစွဟု သဒ္ဓါဖြိုးမောက် ဝမ်းမြောက်ကြည်ညို ကြရပါကြောင်း။

နိဂုံးချုပ်အားဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်ခန့်၍ တည်တံ့နေစေရန် ဆရာတော်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

တော်မူကြသည့် သာသနာ့အာဇာနည် (၁၃)ပါး၊ ပိဋကသုံးပုံကို အာဂုံအောင်မြင်ပြီး နောက်ဆုံးပိုင်းတစ်ပိုင်းသာ ရေးဖြေကျန်ရှိသော တိပိဋကဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ်(၃)ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါကြောင်း။

ယခုနှစ် (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ပိဋကသုံးပုံ အာဂုံဆောင်ထားပြီး နောက်ဆုံးကျမ်း ရေးဖြေအောင်မြင်ပြီးဆုံးသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့လက်မှတ်ဆက်ကပ်ခံယူမည့် စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယ ကျောင်းတိုက်မှ ဘဒ္ဒန္တကုဏ္ဍာစရိယ သာသနာ့အာဇာနည်

ဖြစ်၍ လွန်ကဲထူးခြား ဂုဏ်ယူဝင့်ကြွားဖွယ် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သား ဒါယကာဒါယိကာမအပေါင်းတို့မှာ "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော" ဟူသည်နှင့်အညီ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား လေးမြတ်ကော်ရော် သိမှတ်ပူဇော်ကြခြင်း ဖြစ်ပါကြောင်း။

အောင်မြင်တော်မူခဲ့

ယခုနှစ် (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၌ ပိဋကသုံးပုံအာဂုံရေးဖြေအောင် အရှင်မြတ် (၁)ပါး၊ ပိဋကသုံးပုံအာဂုံအောင် အရှင်မြတ် (၁)ပါး၊ အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း

သံဃာတော်အရှင်မြတ်တို့က ဓမ္မာနုဂ္ဂဟဖြင့် မဆုတ်မနစ် တစ်နှစ်ထက်တစ်နှစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနေကြသကဲ့သို့ တပည့်တော်တို့ ဒါယကာဒါယိကာမများအနေဖြင့်လည်း ပရိယတ္တိဝန်ဆောင် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကာ ချီးကျူးဂုဏ်ပြုပူဇော်ခြင်း ပစ္စယာနုဂ္ဂဟတို့ဖြင့် အစဉ်မပျက် ကြိုးပမ်းထမ်းဆောင် နေကြမည်ဖြစ်ပါကြောင်း ရိုသေစွာလျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့်အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းသဘော ရေးဖြေအောင်မြင်တော်မူသော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ အရှင်ကုဏ္ဍာစရိယနှင့် အဘိဓမ္မာ ဒုတိယပိုင်းနှစ်ကျမ်း အာဂုံအောင်မြင်တော်မူသော တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ပညာသိရီလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် သာသနာ့အောင်လံတို့ကို ဆက်ကပ်သည်။

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပိဋကနှစ်ပုံခွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်(၃)ပါး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပိဋကနှစ်ပုံရေးဖြေအောင် အရှင်မြတ်(၅)ပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်(၂)ပါးနှင့် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရအရှင်မြတ် (၃)ပါး၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဝိနယဓရဝိနည်း ပိဋကအာဂုံအောင် အရှင်မြတ်(၅)ပါး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင် အရှင်မြတ်(၅)ပါး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင်အရှင်မြတ် (၆)ပါး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဝိနယဓရ ဝိနည်းပိဋက

အာဂုံအောင် အရှင်[...]
နှင့် ခရီးသွားလာ[...]
ဌာနနှင့် အ[...]
ပြည်ထောင်စုဝန်ကြ[...]
ဝိနယဓရ ဝိနည်းပိ[...]
အရှင်မြတ် (၂)ပါး[...]
ကောဝိဒ ဝိနည်းပိဋ[...]
ရေးဖြေအောင် [...]
ဉဘတော ဝိဘင်္[...]
(၁)ပါး၊ ပညာရေးဝန်[...]
ဝန်ကြီး ဒေါက်တာ[...]
ဝိဘင်္ဂကောဝိဒ ဝိ[...]
နှစ်ကျမ်းရေးဖြေအေ[...]
ပါးနှင့် ရန်ကုန်တိုင်း[...]
ဦးမြင့်ဆွေက ဉဘ[...]
ဝိနည်းပိဋက ရှေ့[...]
အောင် အရှင်မြတ်[...]
တံဆိပ်တော်နှင့် [...]
ကို ဆက်ကပ်ကြသ[...]

ယင်းနောက်[...]
တိုင်းဒေသကြီးဝန်[...]
သူများက ဉဘ[...]
ပိဋက ရှေ့ပိုင်းနှစ်[...]

**ပြည်ထဲ[...]
ကိုကို ဆရာတေ[...]
လှူဒါန်းစဉ်။**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မို[...]

နေပြည်တော် မေ ၁၉

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အရ[...] သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည်[...] ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် မြန်မ[...] ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသ[...] ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြ[...] အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်[...] တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိ[...] ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်[...] ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ နေ့အပူချိန်မျာ[...] ဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏[...] ထက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်[...] နှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွ[...] အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်[...] တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်[...]

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်[...] ပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအား[...] ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူ[...]

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်[...] ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်[...] လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြ[...] /မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ [...]

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအေ[...] တွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်[...] ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား[...] သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုး[...] ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၄ ခုနှစ်၊ ကဆုန်လကွယ်နေ့ ဥပုသ်နေ့ ၂၀-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	ကျန်းမာဖို့အတူကစားစို့
၇:၃၀	နံနက်ခင်းသတင်း
၈:၄၀	မင်းကွန်းဆရာတော်ကြီး၏ အရုပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
၁၁:၂၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

နေ့လယ်ပိုင်း

၁:၃၀	မြန်မာရုပ်ရှင် **မသုဓမ္မစာရီ** ကျော်ရဲအောင်၊ဇော်လင်း၊ မို့မို့မြင့်အောင်၊မြင့်မြင့်ခိုင် (ဒါရိုက်တာ-ကြည်စိုးထွန်း)

ညပိုင်း

၄:၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄:၅၀	**မဟာဗောဓိတထောင် သာသနာ့အောင်မြေ**
၅:၁၅	ဆိုကြမယ်၊ပျော်ကြမယ်
၆:၀၀	ညနေခင်းသတင်း
၆:၁၅	မိုးလေ[...]
၆:၂၀	ကာတွ[...]
	ရေငုပ်[...] (အပိုင်း[...])
၈:၀၀	ပြည်တွ[...]
-	နိုင်ငံတ[...]
-	မိုးလေ[...]

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပိဋကနှစ်ပုံခွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်(၃)ပါး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပိဋကနှစ်ပုံရေးဖြေအောင် အရှင်မြတ်(၅)ပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်(၂)ပါးနှင့် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရအရှင်မြတ်(၃)ပါး၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဝိနယဓရဝိနည်း ပိဋကအာဂုံအောင် အရှင်မြတ်(၅)ပါး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင် အရှင်မြတ်(၅)ပါး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင်အရှင်မြတ်(၆)ပါး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင် အရှင်မြတ်(၆)ပါး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင် အရှင်မြတ် (၂)ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်းရေးဖြေအောင် အရှင်မြတ်(၃)ပါးနှင့် ဥဘတော ဝိဘင်္ဂကောဝိဒအရှင်မြတ်(၁)ပါး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဥဘတောဝိဘင်္ဂကောဝိဒ ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်းရေးဖြေအောင် အရှင်မြတ်(၆)ပါးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဥဘတော ဝိဘင်္ဂကောဝိဒ ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်းရေးဖြေအောင် အရှင်မြတ် (၄)ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဥဘတောဝိဘင်္ဂဓရဝိနည်း ပိဋက ရှေ့ပိုင်းနှစ်ကျမ်း အာဂုံအောင် အရှင်မြတ်များအား အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာရေစက်ချ တရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒစာအောင် သံဃာတော် အရှင်မြတ်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အစိုးရနှင့် ပြည်သူပြည်သားသူတော်ကောင်းတို့က အာမိသာနုဂ္ဂဟဖြင့် စုပေါင်းညီညာချီးမြှောက်ကြသဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး အရှည်တည်တံ့၍ စည်ပင်ပြန့်ပွား တိုးတက်နေမည်သာဖြစ်

ရန်ကုန် မေ ၁၉

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မိန့်ကြားတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၄)ကြိမ်မြောက်တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်ကုဏ္ဍာစရိယ၊ တိပိဋကဓရဘွဲ့ရ အရှင်ပညာသိရီလင်္ကာရနှင့်တကွ အဘိဓမ္မာပိဋက ရှေ့ပိုင်း(၅)ကျမ်း အာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရ (၂)ပါး၊ ဒီဃနိကာယကောဝိဒဘွဲ့ရ (၄)ပါး၊ ဝိနယကောဝိဒဘွဲ့ရ (၄)ပါး၊ ဒီဃဘာဏက ဘွဲ့ရ (၂)ပါး၊ ဝိနယဓရဘွဲ့ရ(၂၇)ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ(၁၀)ပါး၊ ဝိနယပိဋက ရှေ့ပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရ(၄၄)ပါး၊ စုစုပေါင်း (၉၃)ပါးသော သာသနာ့အာဇာနည်အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား စိတ်ထားရွှင်လန်းဝမ်းမြောက်ဖွယ်ရာနှင့် ကာလရှည်စွာ အမှတ်ရဖွယ်ရာဖြစ်သော သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ မြွက်ကြားလိုက်ပေသည်။

ယခုနှစ်(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယ ကျောင်းတိုက်မှ ဘဒ္ဒန္တကုဏ္ဍာစရိယသည် တေရသမမြောက် တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းအောင်မြင်လာခြင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ပရိယတ္တိသာသနာတော်ကြီး တိုးတက်စည်ပင်ပြန့်ပွားလာခြင်းသာဖြစ်သည်ဟု နှလုံးသွင်းတော်မူကြကာ များစွာနှစ်ထောင်းအားရ ပီတိသောမနဿ ဖြစ်မိပါကြောင်း မိန့်ကြားပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်မြတ်နှင့်တကွ တိပိဋကဓရ စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား။

သဗ္ဗညုဘုရားရှင် သာသနာတော်အရှည်တည်တံ့ပြန့်ပွားရေးသည်-

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ၊ ပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိတံ ဟောတိ" ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လည်းကောင်း၊

"သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ပမာဏံ၊ ပဏ္ဍိတော ဟိ တေပိဋကံ သုတွာ ဒွေပိ ပူရေတိ၊ (ပ)တသ္မာ ပရိယတ္တိယာ ဋ္ဌိတာယ သာသနံ ဋ္ဌိတံ ဟောတိ"

ဟု ပါထိက ဝဂ္ဂအဋ္ဌကထာ၌လည်းကောင်း၊ စာပေကျမ်းဂန် သင်ယူလေ့လာခြင်း ပရိယတ္တိသည်သာလျှင် လိုရင်းပမာဏဖြစ်၏။ ပရိယတ္တိ တည်မှသာလျှင် သာသနာတည်နိုင်၏။ ပညာရှိသူသည် ပိဋကသုံးပုံဟူသော ပရိယတ္တိကို နာကြားသင်ယူပြီး ပဋိပတ္တိနှင့် ပဋိဝေဓနှစ်ပါးတို့ကိုလည်း ဖြည့်ကျင့်နိုင်၏။ ထို့ကြောင့် ပရိယတ္တိတည်လျှင် သာသနာတည်၏ဟု မိန့်ဆိုထားပါသည်။

သဗ္ဗညုဘုရားရှင်ကလည်း အင်္ဂုတ္တိုရ်ပါဠိတော် ပထမသဒ္ဓမ္မ သမ္မောသသုတ်၌-

"ပဥ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ ကတမေ ပဥ္စ-ဣဓ ဘိက္ခဝေ ဘိက္ခူ သက္ကစ္စံဓမ္မံ သုဏန္တိ၊ သက္ကစ္စံ ဓမ္မံ ပရိယာပုဏန္တိ၊ သက္ကစ္စံ ဓမ္မံဓာရေန္တိ၊ သက္ကစ္စံ ဓာတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခန္တိ၊ သက္ကစ္စံ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပ္ပဇ္ဇန္တိ၊ ဣမေ ခေါ ဘိက္ခဝေ ပဥ္စ ဓမ္မာ သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ"

ရဟန်းတို့-ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ မကွယ်ပျောက်ရန် ဖြစ်ကုန်၏။ အဘယ်ငါးမျိုးတို့နည်းဟူမူ-

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည်-

- **ပရိယတ်တရားတော်ကို ရိုသေစွာနာကြားကုန်၏၊**
- **ပရိယတ်တရားတော်ကို ရိုသေစွာသင်ယူကုန်၏၊**
- **ပရိယတ်တရားတော်ကို ရိုသေစွာဆောင်ထားကုန်၏၊**
- **ဆောင်ထားအပ်သော ပရိယတ်တရားတော်တို့၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဉာဏ်ဖြင့်စူးစမ်းဆင်ခြင်ကုန်၏၊**
- **အနက်အဓိပ္ပာယ်ကို သိ၍၊ တရားသဘောကိုသိ၍ လောကုတ္တရာတရားအား လျော်သောအကျင့်ကို ကျင့်ကုန်၏။**

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ မကွယ်ပျောက်ရန်ဖြစ်ကုန်၏ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် တိပိဋကဓရ စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် စာအောင် အရှင်မြတ်တို့သည် "ငါတို့သည် သဗ္ဗညုဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို အရှည်တည်တံ့အောင်၊ မကွယ်ပျောက်အောင် ဓမ္မာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ ဖြစ်ကြသည်" ဟု နှလုံးသွင်းဆင်ခြင်လျက် နှစ်သက်ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဆက်လက်၍ ကြိုးစားအားထုတ်ပါဟု တိုက်တွန်းလိုက်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်မြတ်နှင့်တကွ တိပိဋကစာအောင် သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား-

အရှင်မြတ်တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာဒါယိကာမအပေါင်းတို့က ကြီးကျယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုချီးကျူးပူဇော်ပွဲကျင်းပခြင်းသည်-

အထခေါ ဂရဟိတဗ္ဗံ၊ ဂရဟတိဧဝ၊ ပသံသိတဗ္ဗ ပသံသတိဧဝ ဘဂဝါဟူသော ကျမ်းဂန်နှင့်အညီ ချီးကျူးထိုက်သူကို ချီးကျူးပူဇော်ခြင်းသာဖြစ်သဖြင့် ဘုရားရှင်၏ အလိုတော်ကျ ချီးကျူးပူဇော်ကြခြင်းဖြစ်ပါသည်။ အထူးအားဖြင့် အရှင်မြတ်တို့သည် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ်တို့ ဖြစ်ကြသဖြင့်-

ဗဟုဿုတံ ဓမ္မဓရံ၊သပ္ပညံ ဗုဒ္ဓသာဝကံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကောတံ နိန္ဒိတု မရဟတိ။
ဒေဝါ ပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

တစ်နိက္ခရှိသော ဇမ္ဗူရာဇ်ရွှေကဲ့သို့ အကြားအမြင်များသော၊ တရားကို ဆောင်သော၊ ကောင်းသောပညာရှိသော၊ ထိုမြတ်စွာဘုရား၏ တပည့်သာဝကကို အဘယ်သူသည် ကဲ့ရဲ့ထိုက်ပါအံ့နည်း၊ ထိုတပည့် သာဝကကို နတ်တို့လည်း ချီးမွမ်းကုန်၏။ ဗြဟ္မာတို့လည်း ချီးမွမ်းကြ၏-ဟူသော အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ အပ္ပဿုတသုတ်ဒေသနာတော်နှင့်အညီ လူပုဂ္ဂိုလ်တို့ကသာလျှင် ချီးကျူးပူဇော်ထိုက်သူများမဟုတ်ဘဲ နတ်ဗြဟ္မာတို့ကလည်း ချီးကျူးပူဇော်ထိုက်သော ပုဂ္ဂလဝိသေသ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ဖြစ်ကြပေသည်ဟု နှလုံးသွင်းဆင်ခြင်ကာ ဂုဏ်ယူဝမ်းမြောက်သင့်ကြပါသည်။

ဤကဲ့သို့ လူနတ်ဗြဟ္မာအပေါင်းတို့က ချီးကျူးပူဇော်ထိုက်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်မြတ်နှင့်တကွ တိပိဋကစာအောင် သာသနာ့အာဇာနည် အရှင်မြတ်တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့က အာမိသာနုဂ္ဂဟဖြင့် စုပေါင်းညီညာ ချီးမြှောက်ပူဇော်ကြသည်ကိုတွေ့ရသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် အရှည်တည်တံ့၍ စည်ပင်ပြန့်ပွားတိုးတက်နေမည်သာ ဖြစ်ပေသည်။ ထို့ကြောင့်-

သာဂါရာ အနဂါရာစ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။ (ဣတိဝုတ်-၂၇၀)

သာဂါရာစ၊ နိုင်ငံတော်အစိုးရအမှူးရှိသော ပြည်သူပြည်သား ဒါယကာ ဒါယိကာမအပေါင်းတို့သည်လည်းကောင်း။ အနဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်၌ ခေါင်းဆောင်ရှေ့သွား တိပိဋကစာအောင် အရှင်မြတ်တို့သည်လည်းကောင်း။ ဥဘော၊ လူထုထိပ်ခေါင် ခေါင်းဆောင်ရှေ့သွား ဆရာဒကာ နှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမာမယွင်း အချင်းချင်းလျှင် မှီတင်းယှက်နွယ် မြဲထက်မြဲအောင် လက်တွဲကြကုန်လျက်။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ရာမှန်သော။ အနုတ္တရံ၊ အတုမရှိ မြတ်ခေါင်ထိသော။ သဒ္ဓမ္မံ၊ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ အမည်ရသည့် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို၊ အာရာ ဓယန္တု၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် မလင့်ပုံသေ ပြီးစီးနိုင်ကြပါစေကုန်သတည်းဟု အာသီသပတ္ထနာ မေတ္တာ ပုဗ္ဗင်္ဂပြု၍ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်လိုက်ပါသည်။ တိပိဋကစာအောင် သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့် နိုင်ငံတော်အစိုးရအပါအဝင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့။ ။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၁၉

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုး ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

	-ဒုတိယနှစ်	၆း၁၅	မိုးလေဝသအခြေအနေ
	(သင်္ချာအထူးပြု)	၆း၂၀	ကာတွန်းအစီအစဉ်
	(သင်္ချာ)		**ရေငုပ်သမားလေးအိုလီ**
၄း၅၀	**မဟာဗောဓိတထောင်**		(အပိုင်း-၄၀)
	သာသနာ့အောင်မြေ	၈း၀၀	ပြည်တွင်းသတင်း
၅း၁၅	ဆိုကြမယ်၊ပျော်ကြမယ်	-	နိုင်ငံတကာသတင်းများ
၆း၀၀	ညနေခင်းသတင်း	-	မိုးလေဝသအခြေအနေ

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ သံဖြူဇရပ်မြို့နယ်၌ကျင်းပ

သံဖြူဇရပ် မေ ၁၉

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့အထိမ်းအမှတ်ကို မေ ၁၂ ရက်က သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရက အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှ၏ သဝဏ်လွှာကို သံဖြူဇရပ်မြို့နယ် သူနာပြုဆရာမကြီး အဆင့်(၁) ဒေါ်နန်းစံတစ်(ပ်)က ဖတ်ကြားပြီးနောက် ခေတ်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုအသွင်ဖြင့် ဆောင်ပုဒ်၏အဓိပ္ပာယ်နှင့်အနှစ်သာရများကို အခမ်းအနားတက်ရောက်ကြသည့် သူနာပြုများက ဆွေးနွေးကြသည်။ ထို့နောက် ဆေးရုံတက်ရောက်ကုသခံလူနာများကို အာဟာရများ ဝေငှလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

စင်ကာပူဖလား ရှုံး/ထွက်ဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဇအသင်း ကွာတားတက်

သတင်းနှင့်ဓာတ်ပုံ ဖိုးသော်ဇင်

ရန်ကုန် မေ ၁၉

၂၀၁၂ စင်ကာပူဖလား ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ပထမအဆင့်အဖြစ် မြန်မာနိုင်ငံကိုယ်စားပြု ကမ္ဘောဇအသင်းနှင့် စင်ကာပူကလပ် ဝုလန်းဝယ်လင်တန်အသင်းတို့သည် ယနေ့ညနေပိုင်းက စင်ကာပူနိုင်ငံတွင် ယှဉ်ပြိုင်ကြရာ ကမ္ဘောဇအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

အနိုင်ရ

ကမ္ဘောဇအသင်းမှာ အနိုင်ရရှိရေး လူစုံထုတ်ကစားခဲ့ပြီး အိမ်ရှင်ကလပ်အသင်းကို ခြေစွမ်းပြကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအတွက် ဂိုးများကို သုံးမိနစ်တွင် စိုးမင်းဦး၊ ၆၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် နူနက်ဇ်တို့က သွင်းယူခဲ့ပြီး ဝုလန်းဝယ်လင်တန်အသင်းအတွက် ချေပဂိုးကို ၇၁ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ကမ္ဘောဇအသင်းတွင် **ဂိုး-** ကျော်ဇင်ထက်၊ **နောက်တန်း-**ဟန်ဝင်းအောင်၊ ဟန်ဆန်းဝင်း၊ မင်းထွန်း၊ ညဏလွင်၊ **အလယ်တန်း-**လှုအေးထွေး၊ နူနက်ဇ်၊ သိန်းသန်းဝင်း(နေဝင်းအောင်)၊ မိုင်းအိုက်နိုင်(ဇင်မျိုးအောင်)၊ **ရှေ့တန်း-**စိုးမင်းဦးနှင့် အိုဘီ(နိုင်ဇော်ထွန်း)တို့ ပါဝင်ကစားခဲ့သည်။ ကမ္ဘောဇအသင်း **(အောက်ပုံ)**သည် ကွာတားဖိုင်နယ်တွင် ဖိလစ်ပိုင်ကလပ် လိုသိုလာအသင်းနှင့် ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ပထမဆုံးပုဂ္ဂလိကအာကာသကုန်တင်ယာဉ် ကိတ်ကာနေဗယ်စခန်းမှ လွှတ်တင်မည်



နယူးယောက် မေ ၁၉

Space X အမည်ရှိ ပုဂ္ဂလိက အာကာသကုန်တင်ယာဉ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကိတ်ကာနေဗယ်လေတပ် အခြေစိုက်စခန်းမှ မကြာမီ လွှတ်တင်မည်ဖြစ်ကြောင်း အမေရိကန် အာကာသရေးရာအရာရှိများက မေ ၁၉ ရက်တွင် ပြောကြားသည်။ **(ဝဲပုံ)**

Space X အာကာသကုန်တင်ယာဉ်သည် ပထမဆုံးပုဂ္ဂလိကအာကာသကုန်တင်ယာဉ်ဖြစ်ပြီး ကုန်ပစ္စည်း တစ်တန်ခွဲခန့်ကို နိုင်ငံတကာအာကာသယာဉ်စခန်းသို့ သယ်ဆောင်သွားမည်ဖြစ်သည်။ လူလိုက်ပါခြင်းမရှိသည့် ၎င်းအာကာသကုန်တင်ယာဉ်ကို ဖာလ်ကွန်-၉ ဒုံးပျံဖြင့် သယ်ဆောင်သွားမည်ဖြစ်သည်။

ရွှေ့ဆိုင်းခဲ့ရ

မကြာမီရက်များကအာကာသယာဉ်လွှတ်တင်ရေး စခန်းအနီးတွင် မုန်တိုင်းများတိုက်ခတ်နေခြင်းကြောင့် လွှတ်တင်မှုရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ယခုအာကာသကုန်တင်ယာဉ် စေလွှတ်မှုအောင်မြင်ပါက နောက်ထပ် လူလိုက်ပါသည့် အာကာသ ယာဉ်တစ်စင်းကို ထပ်မံစေလွှတ်ရန် စီစဉ်ထားသည်။

ယင်းပုဂ္ဂလိကလူလိုက်ပါသည့် အာကာသယာဉ်ကို အင်တာပရက်စ်ဒုံးပျံဖြင့် သယ်ဆောင်သွားရန်နှင့် လာမည့် ၂၀၁၂ ခုနှစ်ကုန်၌ လွှတ်တင်ရန် မျှော်မှန်းထားသည်။ **(အင်တာနက်)**

ဘာလင်နိုင်ငံတကာလေဆိပ်သစ်ဖွင့်လှစ်ရန် ရွှေ့ဆိုင်း

ဘာလင် မေ ၁၉

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဘာလင်နိုင်ငံတကာလေဆိပ်သစ်ကို ဇွန် ၃ ရက်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသော်လည်း တည်ဆောက်ရေးအပိုင်းနှင့် နည်းစနစ်ပိုင်းဆိုင်ရာများ ထည့်သွင်းရန် လိုအပ်နေသဖြင့် လေဆိပ်ဖွင့်လှစ်မှုကို ရွှေ့ဆိုင်းလိုက်ရကြောင်း မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လေဆိပ်အတွင်း လုံခြုံရေးစနစ်၊ လေယာဉ်ပျံသန်းရေးဆိုင်ရာ ထိန်းချုပ်ရေးစနစ်များလည်း အပြီးသတ်တပ်ဆင်ရန် လိုအပ်နေဆဲဖြစ်ကြောင်း ဘာလင်လေဆိပ်တည်ဆောက်ရေးမှ နည်းစနစ်ပိုင်းဆိုင်ရာအကြီးအကဲ မင်းဖရက်ကော်တန်က ပြောကြားသည်။



ဘာလင်နိုင်ငံတကာလေဆိပ် **(အပေါ်ပုံ)**ကို လာမည့်နှစ် မတ်လမှစတင်ကာ ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး လေကြောင်းပျံသန်းမှုများ ပြုလုပ်နိုင်မည်ဟုလည်း ၎င်းက ပြောကြားသည်။ ယခုလေဆိပ်သည် ဖရန့်ဖတ်လေဆိပ်နှင့် မြူးနစ်လေဆိပ်တို့ပြီးလျှင် ဂျာမနီနိုင်ငံ၏ တတိယမြောက်အကြီးဆုံးလေဆိပ်ဖြစ်လာမည်ဖြစ်သည်။ **(အင်တာနက်)**

မျောပါနေသောဂျပန်ငါးဖမ်းသင်္ဘောကို ကိတ်တောင်းကမ်းခြေ၌ ကယ်ဆယ်နိုင်

ကိတ်တောင်း မေ ၁၉

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ကမ်းလွန်တွင် မုန်တိုင်းမိပြီး မျောပါနေသော ဂျပန်ငါးဖမ်းသင်္ဘောတစ်စင်းကို ကယ်ဆယ်ရေးအဖွဲ့များကဆယ်ယူကာ ကမ်းခြေ၌ ဆိုက်ကပ်ထားနိုင်ခဲ့ကြောင်း မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါသင်္ဘော **(ယာပုံ)**အတွင်း ရေများကို ဖယ်ထုတ်ပြီး သင်္ဘောပေါ်၌ တင်ဆောင်လာသောလောင်စာဆီ တန် ၁၁၀ ခန့်ကို ပင်လယ်အတွင်း ယိုဖိတ်မှုမဖြစ်ပေါ်စေရန် ကယ်ဆယ်ရေးအဖွဲ့များက စီမံပေးခဲ့ရသည်။

ယင်းသင်္ဘောပေါ်တွင် လိုက်ပါလာသော သင်္ဘောသား ၂၈ ဦးကိုလည်း ကယ်ဆယ်ရေးအဖွဲ့များက ဘေးကင်းစွာ ကယ်ဆယ်ထားနိုင်ခဲ့သည်။ ၎င်းငါးဖမ်းသင်္ဘောအား လိုအပ်သည့်အကူအညီများပေးပါရန် တောင်အာဖရိကရှိ ဂျပန်သံရုံးမှလည်း တောင်းဆိုထားသည်။

ကိတ်တောင်းမြို့ရှိ တောင်အာဖရိကနိုင်ငံ ပင်လယ်ရေကြောင်းအာဏာပိုင်များကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားပြီး သင်္ဘောပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဆီးရီးယားမှအကြမ်းဖက်မှုများ အယ်လ်ခိုင်ဒါတာဝန်ရှိဟု ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းပြောကြား

ဒမတ်စကတ် မေ ၁၉

ဆီးရီးယားနိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်က ဗုံးခွဲတိုက်ခိုက်မှုများနှင့်ပတ်သက်၍ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့တွင် တာဝန်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက ကြီးမားပြင်းထန်သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားကြောင်း၊ ယင်း၏နောက်ကွယ်၌ အယ်လ်ခိုင်ဒါအဖွဲ့ရှိရမည်ဟု မိမိယုံကြည်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ ၁၈ ရက်တွင် ပြောကြားသည်။

ပေးပို့ထား

ပြီးခဲ့သည့် ကြာသပတေးနေ့က ဒမတ်စကတ်မြို့တော် အယ်ကက်ဇက်ခရိုင်တွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၅၅ ဦး သေဆုံးပြီး ၄၀၀ ဒဏ်ရာရရှိခဲ့သည်။ ဆီးရီးယားအကြမ်းဖက်မှုများတွင် ပါဝင်သည့် နိုင်ငံခြားသားအကြမ်းဖက်သမား ၂၆ ဦးတို့၏ အမည်များကို ဆီးရီးယားအစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပေးပို့ထားသည်။ **(အင်တာနက်)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင်းရှိ ကားလမ်းဥမင်လိုဏ်တွင် ပေါက်ကွဲမှုဖြစ်ပွား

ပေကျင်း မေ ၁၉

တရုတ်နိုင်ငံအလယ်ပိုင်း၌ တည်ဆောက်လျက်ရှိသော ကားလမ်းဥမင်လိုဏ်တစ်ခုတွင် မေ ၁၉ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသဖြင့် လူ ၂၀ သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက သတင်းဖော်ပြသည်။

ယူနန်ပြည်နယ် ကွီကျိုမြို့တွင်းရှိ ယန်လင်းအရပ်နှင့် ယုချန်အရပ်တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသော ဥမင်လိုဏ်တွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး ဖောက်ခွဲရေးပစ္စည်းများကို ယာဉ်တစ်စီးပေါ် ဝန်မမျှတစွာတင်ဆောင်ခဲ့သဖြင့် မတော်တဆဖြစ်ကာ ပေါက်ကွဲမှုဖြစ်ရခြင်းဖြစ်ကြောင်း ဒေသအာဏာပိုင်များ၏ပြောကြားချက်ကို သတင်းဌာနက ကိုးကားဖော်ပြသည်။

ဥမင်လိုဏ်အတွင်းမှ အလုပ်သမားလေးဦးကို ဆွဲထုတ်ခဲ့နိုင်ပြီး ၎င်းတို့အထဲမှတစ်ဦး၏ဒဏ်ရာရမှုအခြေအနေသည် စိုးရိမ်ဖွယ်ရှိနေသည်ဟု သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်

ပေကျင်း မေ ၁၉

တောင်ကိုရီးယားလေတပ်နှင့် အမေရိကန်လေတပ်တို့ လောလောဆယ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုပြုလုပ်လျက်ရှိကြောင်း မေ ၁၈ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ အကယ်၍ စစ်ဖြစ်လျှင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအတွက် ဤပူးတွဲစစ်ရေးလေ့ကျင့်မှုက လက်တွေ့လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း ၎င်းတို့က ကြေညာသည်။ **(ဝဲပုံ)**

ဤပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် လေယာဉ်ပေါင်း ၅၀ ကျော်ပါဝင်ပြီး လေကြောင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ ၇ ရက်မှစတင်ပြီး ၁၂ ရက်ကြာမည်ဟု သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၉-၅-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

အီတလီတောင်ပိုင်းရှိ ကျောင်းတစ်ကျောင်း၏အပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ တစ်ဦးသေဆုံး

အီတလီနိုင်ငံတောင်ပိုင်း ဘရင်ဒီစီမြို့ရှိ စာသင်ကျောင်းတစ်ကျောင်း၏ အပြင်ဘက်တွင် မေ ၁၉ ရက်က ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားမှုကြောင့် တစ်ဦးသေဆုံးပြီး အခြားခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါဗုံးပေါက်ကွဲမှုသည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီက ကျောင်းသားကျောင်းသူများ အဆောက်အအုံအတွင်းဝင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် သေဆုံးသူမှာ ကျောင်းသူတစ်ဦးဖြစ်ကြောင်း၊ ဒဏ်ရာရသူခုနစ်ဦးကို ဆေးရုံသို့ အပြေးအလွှားပို့ဆောင်ပေးခဲ့ရကြောင်း၊ တစ်ဦးမှာဒဏ်ရာပြင်းထန်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ ဖောက်ခွဲရေးသမားသည် နိုင်ငံတောင်ပိုင်း ပူဂလီယာဒေသ ဘရင်ဒီစီမြို့ရှိ အထက်တန်းကျောင်း၏ဘေးတွင် အဆိုပါဗုံးကို ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။ ယင်းဒေသဝန်းကျင်ရှိ ကျောင်းများအားလုံးကိုလည်း လုံခြုံရေးများဆောင်ရွက်ပေးခဲ့ကြောင်း၊ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဗင်နီဇွဲလားစစ်ဘက်ရဟတ်ယာဉ်ပျက်ကျ

ဗင်နီဇွဲလားနိုင်ငံမြောက်ပိုင်း ယာရာကွိုင်ပြည်နယ်မြို့တော် စန်ဖီလစ်ပီတွင် မေ ၁၈ ရက်က စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူလေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီး ဟင်နရီရန်ဂျယ်က အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ စစ်ဘက်ရဟတ်ယာဉ်သည် MI-17 မော်ဒယ်အမျိုးအစားဖြစ်ပြီး အထူးလေ့ကျင့်ရေးပြုလုပ်နေစဉ် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီး ရန်ဂျယ်က ပြောကြားခဲ့သည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းအရင်းမှာ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း ၎င်းက ပြစ်တင်ရှုတ်ချပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူတစ်ဦးအား အရေးပေါ်ဆေးကုသမှုခံယူရန်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု ဆိုသည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းအရင်းကို ဆက်လက်စုံစမ်းစစ်ဆေးနေဆဲပင် ဖြစ်သည်။

ချီလီနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်

ချီလီနိုင်ငံ အင်တိုဖာဂက်စတာကမ်းခြေတွင် မေ ၁၉ ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ ကနဦးထုတ်ပြန်ချက်အရ အဆိုပါငလျင်သည် တောင်လတ္တီတွဒ် ၂၅ ဒသမ ၇၉၀၃ ဒီဂရီ၊ အနောက် လောင်ဂျီတွဒ် ၇၀ ဒသမ ၈၀၉၃ ဒီဂရီ၊ မြေအောက် ၃၄ ဒသမ ၇၀ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။ (အင်တာနက်)

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ရေနုတ်မြောင်းများက ကာကွယ်ပေးနိုင်မည်

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် မေ ၁၉

သဘာဝဘေးကို အန်တုကာကွယ်ရသည့်လုပ်ငန်းက မလွယ်ကူ။ ကြိုတင်ကာကွယ်မှုသည် အကောင်းဆုံးဟုဆိုသော်လည်း လက်တွေ့၌ ထိရောက်မှုရှိရန်နှင့် အကျိုးပြုရန်လည်း လိုအပ်သည်။ နည်းပညာ၊ လုပ်အား၊ ဇွဲ လုံ့လတို့အပြင်စေတနာလည်းပါမှ အောင်မြင်နိုင်မည်ဖြစ်သည်။ ထိုသို့သောလုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်း ဒေသကြီး(အရှေ့ခြမ်း) ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝမြို့နယ်များရှိ မြို့နယ်များနှင့် လယ်မြေဧရိယာများ နှစ်စဉ် ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ချောင်း၊ မြောင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ရေး စီမံကိန်းသည်လည်း တစ်ခုအပါ အဝင်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်ပေးမည့် ရေနုတ်မြောင်းများတူးဖော်ရေးစီမံကိန်းသို့ လေ့လာသတင်းယူရန် သတင်းအဖွဲ့ သွားရောက်ခဲ့ရာ သနပ်ပင်မှ ငါးမိုင်အကွာ မင်းရွာသို့ အရောက်တွင် ၁၈၇၃ ခုနှစ်က တည်ဆောက်ခဲ့သော ၇၅ ပေါက်ရှိ မင်းရွာ ရေလွှဲပေါက်နှင့် ပဲခူး-စစ်တောင်းတူးမြောင်းမကြီးကို တွေ့ရသည်။ မင်းရွာတူးမြောင်းမကြီးနှင့် ရေလွှဲပေါက်တို့မြင်ကွင်းကား ဆန်းသစ်လှပပြီး ကျေးလက်အပန်းဖြေစခန်းသဖွယ် ကျေးရွာသူ ကျေးရွာသားများက ၎င်းရေလွှဲပေါက်မှ အေးအေးလူလူ သွားလာနေကြသည်ကို တွေ့ခဲ့ရသည်။

ဆည်မြောင်းဦးစီးဌာနမှ မင်းရွာရေလွှဲပေါက်၏ အထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် ခြောက်ပေခန့် နုန်းတက်နေသော သဲသောင်ခုံများ ရှင်းလင်းဖယ်ရှားခြင်း၊ တိမ်ကောနေသည့် အလျားမိုင် ၂၀၊ အောက်ခြေအကျယ်ပေ ၃၀၊ အနက် ၈ ပေရှိသော မင်းရွာ-ကုက္ကိုရေနုတ်မြောင်းကို မြေတူးစက် ၁၆ စီးဖြင့် သဲသောင်ခုံများဖယ်ရှားခြင်းတို့ ဆောင်ရွက်ခဲ့ရာ စစ်တောင်းမြစ်အထိ တောက်လျှောက်ပေါက်သွားကြောင်းသိရှိရသည်။ တသွင်သွင်စီးဆင်းနေသော ရေနုတ်မြောင်းကား မင်းရွာနှင့် ကုက္ကိုရွာဝန်းကျင်ရှိ လယ်မြေများနှင့်အပြိုင် ပန်းရလျက်ရှိနေသည်။ ထို့အတူ တိမ်ကောနေသော အလျား ၂၅ မိုင်၊ အောက်ခြေအကျယ်ပေ ၃၀၊ အနက် ၈ ပေရှိသည့် မင်းရွာ-ပိုင်ကျုံ ရေနုတ် မြောင်းကို မြေတူးစက် ၂၅ စီးဖြင့် သဲသောင်ခုံနှင့် ရေစီးရေလာအဟန့်အတားတို့အား ဖယ်ရှားခဲ့ရာ ပိုင်ကျုံ ရေထိန်းတံခါးမှ ပဲခူးမြစ်အထိ တောက်လျှောက် ပေါက်သွားသဖြင့် ရေအလျင်တသွင်သွင်စီးနေပြီဖြစ်သည်။

ဝေါမြို့နယ်အတွင်းရှိ နုန်းတက်ပြီး ရေစီးအလျင်နှေးနေသော အဗျား-ရှမ်းကိုင်းရေနုတ်မြောင်း အလျား ၁၂ မိုင်၊ အောက်ခြေအကျယ် ပေ ၃၀ အနက် ၈ ပေကိုလည်း Backhoe on Pontoon မြေတူးစက်အတွဲငါးတွဲဖြင့် ဆောင်ရွက်ခဲ့ရာ ရှမ်းကိုင်းရေထိန်းတံခါးမှ စစ်တောင်းမြစ်အထိ တောက်လျှောက် ပေါက်သွားခဲ့ပြီဖြစ်သည်။ မင်းရွာမှ တောင်သူဦးအောင်သိန်း၏ ပြောကြားချက်အရ ရေကြီးနစ်မြုပ်မှုကြောင့် မိမိတို့ ၁၀ နှစ်ကျော်ကြာ မိုးစပါးမစိုက် ပျိုးနိုင်ခဲ့ကြောင်း၊ ယခု မြေတူးစက်၊ စက်ယန္တရားများဖြင့် တူးဖော်နေသည့်အပြင် ရန်ကုန်မြို့တော်ပတ်ဝန်းကျင်မိုင် ၃၀ စိမ်းလန်းစိုပြည်ရေမြောင်းမကြီးကိုလည်း ခရမ်းချောင်းထိ ပေါက်အောင်ဆောင်ရွက်နေကြောင်းသိရှိရသည်။ အလွန်ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်မှုဖြစ်သည်။ အုန်းနဲ့-ကံဘဲ့ ရေနုတ်မြောင်း အရှည် ၁၄ မိုင်၊ အခြေအကျယ်ပေ ၃၀၊ အနက် ၈ ပေ၊ မောင်မရေနုတ်မြောင်း အရှည် ၁၄ မိုင်၊ အောက်ခြေအကျယ်ပေ ၃၀၊ အနက် ၈ ပေနှင့် ဆည်မရေနုတ်မြောင်းအရှည် ၁၇ မိုင်၊ အောက်ခြေအကျယ် ပေ ၃၀၊ အနက်ပေ ၆၀ တို့

မင်းရွာ-ပိုင်ကျုံရေနုတ်မြောင်းကို တွေ့ရစဉ်။

ကဲ့သို့ ရေနုတ်မြောင်းများ တူးဖော်ပေးမှုကြောင့် လာမည့် မိုးရာသီကစ၍ မိုးစပါးများ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း ဝမ်းသာအားရ ပြောကြားသည်ကို နားထောင်ရင်း ပီတိဝေခဲ့မိပါသည်။ တောင်သူများပျော်ကြ ပေမည်။

သတင်းအဖွဲ့သည် မင်းရွာမှ ပြန်ထွက်ပြီး သနပ်ပင်မြို့မှတစ်ဆင့် ဆက်လက် ခရီးထွက်ခွာခဲ့သည်။ သနပ်ပင်ခရီးလမ်းမပေါ်ရှိ ကလိုင်တံတားတွင်ရပ်ပြီး မင်းရွာ-ပိုင်ကျုံ ရေနုတ်မြောင်း တူးဖော်ဖောက်လုပ်ပြီးစီးထားမှုအခြေအနေကို ကြည့်ရှုလေ့လာခဲ့သည်။ ယခင်ရေနုတ်မြောင်းသည် လှည်းလမ်းကြောင်း သာသာလောက်ရှိခဲ့ရာမှ ယခုအခါ ဒေသအကျိုးပြု ရေနုတ်မြောင်းအဖြစ် ဖောက်လုပ်ထားကြောင်းတွေ့ရှိရသည်။ ရေနုတ်မြောင်းမှ ရေချိုများကို အနီးဝန်းကျင်လယ်ယာမြေများမှ အလုံအလောက်သုံးစွဲနိုင်တော့မည်ဖြစ်သည်။ ထိုအခါ စိမ်းလန်းဝေဖြာနေသော လယ်ကွင်းများအဖြစ်ထွက်ပေါ်လာတော့မည်။ သတင်းအဖွဲ့ ကလိုင်တံတားမှတစ်ဆင့် အုန်းနဲ့ရွာသို့ ခရီးဆက်လက်ထွက်ခွာခဲ့သည်။ အုန်းနဲ့ရွာအထွက်တွင် ဆည်မြောင်းဦးစီးဌာနမှ မြေတူးစက်ကြီးများဖြင့် ဝဲဘတန်ရေနုတ်မြောင်းနှင့် သံဒင်းရေနုတ်မြောင်းတို့ တူးဖော်နေမှုကို တွေ့ရှိရသည်။ တစ်ပြိုင်တည်းမှာပင် အုန်းနဲ့-ကံဘဲ့ရေနုတ်မြောင်းနှင့် သံဒင်းရေနုတ်မြောင်းတို့ကိုလည်း အသီးသီးရှိရာ အဆိုပါရေနုတ်မြောင်းတို့သည် ပဲခူးမြစ်အတွင်းသို့ စီးဝင်သွားသည်။ ဝဲဘတန်ရေနုတ်မြောင်းသည် အရှည် ၁၇ မိုင်၊ အောက်ခြေအကျယ်ပေ ၃၀၊ အနက် ၈ ပေရှိပြီး အရှည် ၂၅ မိုင်၊ အောက်ခြေအကျယ်ပေ ၃၀၊ အနက် ၈ ပေအသီးသီးရှိကြပြီး ထိုရေနုတ်မြောင်းနှစ်ခုသည် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သွားသည်။ လုပ်ငန်းအားလုံးမိုးမကျမီ မေလအတွင်း အပြီးဖောက်လုပ်တူးဖော်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အကျိုးပြုဧရိယာဧက ၄၀၀၀၀ ရှိရာ နိုင်ငံတော်အတွက် စပါးတင်းပေါင်းများစွာထွက်ရှိမည့်စိမ်းလဲ့နေသော လယ်ကွင်းများကို မြင်တွေ့ရတော့မည်။

အုန်းနဲ့ရွာမှ တောင်သူကြီး ဦးစန်းမြင့်က နိုင်ငံတော်က "အခုလိုတိမ်ကောနေတဲ့ ချောင်းမြောင်းတွေကို ဖောက်ပေးတာဟာ အိပ်မက်တောင်မမက်ခဲ့ဖူးပါဘူး။ ချောင်းမြောင်းတွေဖောက်ပြီးရင်တော့ ကျွန်တော်တို့ လယ်မြေတွေ ရေကြီးနစ်မြုပ်မှု မရှိတော့တဲ့အပြင် ချောင်းမြောင်းတွေတူးရင်း ကုန်ထုတ်လမ်းပါ ဖောက်လုပ်ပေးလို့ သွားရေးလာရေးအဆင်ပြေပြီး ကျေးရွာချင်းဆက်လို့ရပြီဗျာ။ ချောင်းမြောင်းတွေ တူးပေးတော့ မိုးရာသီမှာ ပဲ့ထောင်တွေ ရေလမ်းကြောင်း သတ်သတ်မှတ်မှတ် သွားနိုင်ပြီ။ သားရွှေအိုးထမ်းလာတဲ့ ကိန်းဆိုက်သလိုပါပဲဗျာ။" ဟု ဝမ်းသာအားရ ကျေကျေနပ်နပ်ကြီး ပြောသွားသည်ကို နားထောင်ခဲ့ရသည်။

မိမိတို့သတင်းအဖွဲ့ကို စိတ်ရှည်လက်ရှည် လိုက်လံပြသရှင်းလင်းပေးသည့် ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၆)က ညွှန်ကြားရေးမှူး ဦးဘုန်းတင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းတို့ကလည်း အခုလိုတိမ်ကောပြီး လယ်ကွင်းတွေနဲ့ တစ်ပြေးညီ ဖြစ်နေတဲ့ ချောင်းကော မြောင်းကောတွေ၊ ရေနုတ်မြောင်းတွေကို တူးဖော်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ မိုးရာသီ ရေကြီးရေနစ်မြုပ်နေတဲ့ ရေကြီးကွင်းလယ်မြေများ ရေကြီးမှုအန္တရာယ်မှ ကာကွယ်နိုင်ပြီး မိုးစပါးစိုက်ပျိုးလာနိုင်ခြင်းဖြင့် ရေတော်မိုးတော် ဧရိယာအဖြစ် ပြောင်းလဲနိုင်စေခြင်း၊ ရေချိုထိန်းပေးထားမည် ဖြစ်သဖြင့် ဆောင်းသီးနှံနှင့် နွေစပါးပါ စိုက်ပျိုးလာနိုင်စေခြင်း၊ ကုန်ထုတ်လမ်းများပါ ဆောင်ရွက်ပေးသွားခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေခြင်းနှင့် လယ်ယာထွက်ကုန်သယ်ယူပို့ဆောင်မှု လွယ်ကူမြန်ဆန်စေခြင်း စသည့် အကျိုးများ ရရှိမည်ဖြစ်ကြောင်း ပြောပြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝမြို့တို့နှင့် မြို့နယ်များရှိ ကျေးရွာများ၊ လယ်မြေဧရိယာများ၊ ရေကြီးနစ်မြုပ်မှု အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် စီမံကိန်းတစ်ရပ်အနေဖြင့် တိမ်ကောနေသော ချောင်းမြောင်း၊ ရေနုတ်မြောင်းများအား လက်ယှက်ထိုး တူးဖော်ဆောင်ရွက်ပေးရာ စုစုပေါင်းအကျိုးပြုဧရိယာ ဧက ၆၀၀၀၀ကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းများမှာ တောင်သူလယ်သမားများ၏ အကျိုးကို ရှေးရှုဆောင်ရွက်ပေးခြင်းဖြစ်ပြီးနိုင်ငံတော်မှ တောင်သူလယ်သမားများအပေါ်ထားရှိသောကြီးမားသည့် စေတနာတစ်ရပ်ပင်ဖြစ်ပါကြောင်း။ ။

သံဒင်းရေနုတ်မြောင်းအား စက်ယန္တရားကြီးများဖြင့် ဤသို့ တူးဖော်နေသည်ကို တွေ့ရသည်။

ကွမ်းခြံကုန်းမြို့နယ်၌ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာတွင် လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆွေနွယ်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်လင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး မန်းငွေအောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်း ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက စာအုပ်စာစောင် ၂၅၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၂၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ရေဒီယိုတစ်လုံးနှင့်စာအုပ်စာစောင် ၂၀၀၊ ကျေးရွာအုပ်ချုပ်ရေးမှူး မန်းငွေအောင်က အလှူငွေကျပ် ၂၀၀၀၀၊ ဆရာမ ဒေါ်တင်တင်ဝင်းက ငွေကျပ် ၃၅၀၀၀တန်ဖိုးရှိ ဗီရိုတစ်လုံး၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် ရပ်မိ ရပ်ဖများက အလှူငွေကျပ် ၄၀၀၀၀ပေးအပ်လှူဒါန်းရာ ကော်မတီဝင်များက လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်သည် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် ၁၃ သိန်းဖြင့် တည်ဆောက်သော အလျား ၁၈ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၀ပေရှိ အုတ်ကာ၊သွပ်မိုး တစ်ထပ်အဆောက်အအုံ ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တစ်ချက်တည်းကျင်းဝင်

တောင်ကြီး မေ ၁၉

တောင်ကြီး ဂေါက်ကလပ်၌ ဦးသန်းဆောင်သည် မေ ၁၆ ရက်က ကစားဖော်များဖြစ်သည့် ဦးစိုင်းကျော်ကျော်လှိုင် (AKS)၊ ဦးစိုင်းကောင်း၊ ဦးညီညီ၊ ဦးစိုင်းသိန်းထွန်း (ခ)အိုက်ပီး တို့နှင့်အတူ ဂေါက်သီးရိုက် ကစားနေစဉ် ၁၄၇ ကိုက်ကွာဝေးသော ကျင်းအမှတ် ၁၇ သို့အရောက် Titleist Pro V1 X No.2 ဘောလုံးကို Maruman Majesty Iron-7 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မအူပင်မြို့နယ် ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို မေ ၁၆ ရက်က ကျင်းပရာ တောင်ဥက္ကလာပမြို့နယ် ချယ်ရီဥယျာဉ်ရိပ်သာ အမှတ် (၁၇)နေ ဦးလှဖေ (အငြိမ်းစား-ထောင်ပိုင်ကြီး) -ဒေါ်ဟန်ငြွေး မိသားစုက ဒုတိယအကြိမ် ငွေကျပ် ခုနစ်သိန်းကို ဘိုးဘွားရိပ်သာတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၆၈)

ပုဏ္ဏားကျွန်းမြို့နယ်၌ အာစရိယပူဇော်ပွဲကျင်းပ

ပုဏ္ဏားကျွန်း မေ ၁၉

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ (အထက)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁၃ ရက် နံနက် ၁၀ နာရီက အထက ဆရာထွန်းခန်းမ၌ ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်အေးနုက ပူဇော်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဦးအောင်မြင့်က (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲငွေစာရင်းရှင်းတမ်းနှင့် အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာ ဆရာမကြီး ၄၁ ဦးအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ငွေသားနှင့် ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဟိုပင်၌ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုး

ဟိုပင် မေ ၁၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ တောင်အင်းအုပ်စု၊ နန့်စော်လော်အုပ်စု၊ နန်းမားအုပ်စုနှင့် ညောင်ပင်သာအုပ်စု၊ ဟိုပင်မြို့နယ်ခွဲအတွင်းရှိ မြို့မမြောက်ရပ်ကွက်၊ ခုနစ်မိုင်ကျေးရွာအုပ်စုနှင့် အင်းလေးကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ မိုးညှင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဝင်းဦးနှင့်ဝန်ထမ်းများ၊ ကြက်ခြေပြာသင်တန်းဆင်းများသည် မေ ၇ ရက်မှ ၁၃ ရက်အထိ ကျွဲ အကောင် ၁၀၀ နှင့် နွား ၂၄၁၄ ကောင်တို့အား လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။ **(မွေးမြူရေး)**

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်နှင့်အရည်အသွေးဆိုင်ရာ လက်မှတ်များ

2008 Global Excellence Awards 2009 People's Choice Awards
BFAD Philippines
Halal Certificate
FDA (Thailand)
PSB Singapore
Test Report

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

အမည်ပြောင်းခြင်း

ဦးဝဏ္ဏ၅/ရာန(နိုင်)၁၃၁၉၈၀၏ သား၊ ပြည်မြို့၊ အထက(၅)၊ ဆဋ္ဌမ တန်းမှ မောင်ရဲထွဋ်အား မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းမြတ်**

အမည်ပြောင်း

ဦးမိုးနိုင်၏သား ပေါင်မြို့နယ်၊ ရင်းငြိမ် အထကကျောင်း၊ အဋ္ဌမ တန်းမှ မောင်ကျော်ဆန်းသိမ်း၊ ကျောင်းဝင်အမှတ် (A-၀၀၅/၀၉) အား မောင်ပိုင်ပိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၃)လမ်း၊ အမှတ်(၃၇)ဟု ခေါ်တွင်သော အဆောက်အအုံ၏ (D-လေးလွှာ)ထောင့်ခန်း၊ အကျယ်အဝန်း ၁၂ပေဖလက်မ×ပေ ၅၀ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိနေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ဦးခင်ရွှေ(ခ)မိုဟာမက်အယ်မဒ် ၁၂/ဗတထ(နိုင်)၀၃၄၇၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာဆွေ LL.M
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၉၈)
အခန်းအမှတ်(၁၀၃/စီ)၊ တိုက်အမှတ်(၉/၁၁)၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၈၉၇၄၊ ၀၉-၇၃၁၉၇၆၅၈

ကျေးလက်တစ်ခွင် သာစေချင်

မီးတွင် မပေါ့နှင့်

33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP 2012

ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP 2012 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲကို မေ ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Boy's Group Over All Champion ဆုရရှိသော Danthai Boonma(ထိုင်း)အား တံခွန်စိုက်ဆုချီးမြှင့်စဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

စတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ချီးမြှင့်သော ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က ပေးအပ်ပြီး ပန်းလှိုင်ဂေါက်ကလပ်ကိုယ်စား ဦးလေးမြိုင် Chief Operation Officer နှင့် ဟောင်ကောင်၊ အိန္ဒိယ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းအသင်းခေါင်းဆောင်များက လက်ခံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်းက အမျိုးသမီး Group D ပြိုင်ပွဲ၌ အချက် ၃၀၀ ဖြင့် ဒုတိယရရှိသည့် သင်းဝေခိုင်(မြန်မာ)နှင့် ၂၂၁ ချက်ဖြင့် ပထမရရှိသည့် Suwarin Sriphariyaratsamee (ထိုင်း)၊ အမျိုးသမီး Gorup C ပြိုင်ပွဲ၌ ၂၈၅ ချက်ဖြင့် တတိယရရှိသည့် ပွင့်ဖူးနဒီခိုင် (မြန်မာ)၊ ၂၆၁ ချက်ဖြင့် ဒုတိယရရှိသည့် ဖူးပွင့်ရတီခိုင်(မြန်မာ)နှင့် ၂၁၃ ချက်ဖြင့် ပထမရရှိသည့် Papangkorn Tavatanakit (ထိုင်း)၊ အမျိုးသမီး Group B ပြိုင်ပွဲ၌ ၂၅၉ ချက်ဖြင့် တတိယရရှိသည့် Ching Nam Lee (ဟောင်ကောင်)၊ ၂၃၅ ချက်ဖြင့် ဒုတိယရရှိသည့် Seher Kaur Atwal (အိန္ဒိယ)နှင့် ၂၂၆ ချက်ဖြင့် ပထမရရှိသည့် Aditi Ashok (အိန္ဒိယ)၊ အမျိုးသမီး Group A ပြိုင်ပွဲ၌ ၂၂၂ ချက်ဖြင့် တတိယရရှိသည့် Princess Mary Superal (ဖိလစ်ပိုင်)၊ ၂၂၁ ချက်ဖြင့် ဒုတိယရရှိသည့် Parinda Phokan (ထိုင်း)နှင့် ၂၁၈ ချက်ဖြင့် ပထမရရှိသည့် Gurbani Singh (အိန္ဒိယ) တို့အားလည်းကောင်း၊ ဦးလေးမြိုင် (Chief Operation Officer)က အမျိုးသား Group D ပြိုင်ပွဲ၌ ၃၄၅ ချက်ဖြင့် ပဉ္စမရရှိသည့် ကျော်စိုးဟန် (မြန်မာ)၊ ၃၁၁ ချက်ဖြင့် စတုတ္ထရရှိသည့် ဖြိုးဇံ (မြန်မာ)၊ ၂၉၃ ချက်ဖြင့် တတိယရရှိသည့် ကောင်းမြတ်ကျော်(မြန်မာ)၊ ၂၄၅ ချက်ဖြင့် ဒုတိယရရှိသည့် ပြည့်ဖြိုးသူ(မြန်မာ)နှင့် ၂၂၄ ချက်ဖြင့် ပထမရရှိသည့် Thanaphol Aphiny Awutthikul (ထိုင်း)၊ အမျိုးသား Group C ပြိုင်ပွဲ၌ ၂၄၇ ချက်ဖြင့် ပဉ္စမရရှိသည့် ပြည့်မင်းရှိန်(မြန်မာ)၊ ၂၄၃ ချက်ဖြင့် စတုတ္ထရရှိသည့် မင်းစစ်သွေး၊ ၂၃၈ ချက်ဖြင့် တတိယရရှိသည့် Devansh Chadha (အိန္ဒိယ)၊ ၂၃၇ ချက်ဖြင့် ဒုတိယရရှိသည့် KS Kochhar (အိန္ဒိယ)နှင့် ၂၁၂ ချက်ဖြင့် ပထမရရှိသည့် Parathakorn Suyasri (ထိုင်း)၊ အမျိုးသား Group B ပြိုင်ပွဲ၌ ၂၉၇ ချက်ဖြင့် ပဉ္စမရရှိသည့် Piyush Sangwan (အိန္ဒိယ)၊ ၂၉၆ ချက်ဖြင့် စတုတ္ထ ရရှိသည့် Viraj Madappa (အိန္ဒိယ)၊ ၂၉၆ ချက်ဖြင့် တတိယရရှိသည့် Prakhar Asawa (အိန္ဒိယ)၊ ၂၉၁ ချက်ဖြင့် ဒုတိယရရှိသည့် Phachara Khongwatmai (ထိုင်း)နှင့် ၂၉၁ ချက်ဖြင့် ပထမရရှိသည့် Ekthumrong Luanganuruk (ထိုင်း)၊ အမျိုးသား Group A ပြိုင်ပွဲ၌ ၂၉၂ ချက်ဖြင့် ပဉ္စမ ရရှိသည့် Nanfa Somnuek (ထိုင်း)၊ ၂၉၁ ချက်ဖြင့် စတုတ္ထရရှိသည့် Abhishek Kuhar (အိန္ဒိယ)၊ ၂၈၉ ချက်ဖြင့် တတိယရရှိသည့် SS Ahmed (အိန္ဒိယ)၊ ၂၈၈ ချက်ဖြင့် ဒုတိယရရှိသည့် S Sharma (အိန္ဒိယ)နှင့် ၂၈၄ ချက်ဖြင့် ပထမရရှိသည့် Naqiuddin Fuad (မလေးရှား) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Boy Class A&B ပြိုင်ပွဲ၌ ၂၇၂ ချက်ဖြင့် Over All Championship ဆုရရှိသော Danthai Boonma (ထိုင်း)၊ Girl's Group ပြိုင်ပွဲ၌ ၂၁၄ ချက်ဖြင့် Over All Championship ဆုရရှိသော Kanphanitnan Muang Khumsakul (ထိုင်း)တို့အားလည်းကောင်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၄၂၇ ချက်ဖြင့် ဒုတိယရရှိသော အိန္ဒိယအသင်းနှင့် စုစုပေါင်း ရိုက်ချက် ၄၁၉ ချက်ဖြင့် ပထမရရှိသော ထိုင်းအသင်းတို့အားလည်းကောင်း၊ အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၈၆၉ ချက်ဖြင့် ဒုတိယရရှိသော အိန္ဒိယအသင်းနှင့် စုစုပေါင်းရိုက်ချက် ၈၄၆ ချက်ဖြင့် ပထမရရှိသော ထိုင်းအသင်းတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း(Myanmar Team Captain) မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟန်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက် အဆောက်အအုံသစ် နောင်မွန်မြို့နယ် ထန်ထုကျေးရွာ၌ ဖွင့်

နောင်မွန် မေ ၁၉

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ထန်ထုကျေးရွာတွင် ပင်ယာတုံ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်း၊ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမယစ်ဒီးရမ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများက စာအုပ်စာစောင် ၁၅၆ အုပ်နှင့် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘောမ်ယိန်းက ပေးပို့လှူဒါန်းသော ၂၀ လက်မ တီဗွီတစ်လုံးကို စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

20-5 (12).pmd 1 5/20/2012, 2:27 AM

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သီလဝါစက်မှုဇုန်နှင့် ရန်ကုန်ဘူတာကြီးတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှန်တို့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သူရဦးမြင့်မောင်၊ ဦးအုန်းမြင့်၊ ဦးစိုးမောင်၊ ဦးခင်ရီ၊ ဦးတင့်ဆန်းနှင့် ဒေါက်တာမြအေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီ ၄၅မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့သွားရောက်ပြီး ဆုတောင်းပြည့် ငါးစပ်ဘုရားနှင့် ကျိုက်မှော်ဝန်းရေလယ်စေတီတော်တို့အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ဘူတာကြီး၌ ရထားစီးခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ဘက်စုံ တည်ဆောက်ရေးအတွက် အလှူငွေများ လှူဒါန်းကြပြီး ဒုတိယသမ္မတသည် စေတီတော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ကပ်လှူပူဇော်

ဆက်လက်၍ ဘေးမဲ့ငါးများအား ငါးစာကျွေးကြပြီး လာဘမုနိရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)- Myanmar International Terminals (Thilawa)-MITT သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်က ရန်ကုန်ဆိပ်ကမ်း၌ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှု၊ သီလဝါဆိပ်ကမ်း၌ တန်ချိန် (၂၀၀၀၀)အထိရှိသည့် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှု၊ သီလဝါဆိပ်ကမ်း၏ အကျယ်အဝန်း၊ ဆိပ်ခံတံတားများ အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု၊ သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခဲ့သော နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများနှင့် ဘဏ္ဍာရေးနှစ်အလိုက် ကုန်နှင့်ကုန်သေတ္တာ ကိုင်တွယ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) အထွေထွေမန်နေဂျာ ဦးမင်းကြည်က သီလဝါဆိပ်ကမ်းဖြစ်ပေါ်လာပုံ၊ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ ဆိုက်ကပ်နိုင်သည့်သင်္ဘောများ၊ ကုန်သေတ္တာကိုင်တွယ်နိုင်မှု၊ နှစ်အလိုက် သင်္ဘောဝင်ထွက်မှု၊ နှစ်အလိုက် ကုန်သေတ္တာနှင့် ကုန်စည်ကိုင်တွယ်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က သန်လျင်-ကျောက်တန်းဒေသ မြေအသုံးချမှု၊ သီလဝါ *စာမျက်နှာ ၃ ကော်လံ ၁* ❐

ဒီမိုကရေစီနဲ့ အမျိုးသားရင်ကြားစေ့ရေး တိုးတက်ဖြစ်ထွန်းမှုတွေ နောက်ကြောင်းပြန်လှည့်စရာအကြောင်းမရှိဘူးလို့ အသိအမှတ်ပြု
မြန်မာနိုင်ငံအတွင်းမှာ အမေရိကန်ရင်းနှီးမြှုပ်နှံမှု၊ ကုန်ပစ္စည်းတင်ပို့မှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ခွင့်ပြု
အလုပ်အကိုင်သစ်များ ဖန်တီးဖို့နဲ့ ပြုပြင်ပြောင်းလဲမှုများကို အားပေးထောက်ခံဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြပါစို့

နေပြည်တော် မေ ၁၉

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်၏ ဖိတ်ကြားချက်အရ အမေရိကန်နိုင်ငံသို့ တရားဝင်ခရီးရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မေ ၁၇ ရက် မွန်းလွဲပိုင်းတွင် မစ္စစ်ကလင်တန်နှင့် ၎င်း၏ရုံးခန်း၌ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လွန်ခဲ့သောတစ်နှစ်တာကာလအတွင်း နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ရေးအတွက် မြန်မာဘက်မှ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ရေးတို့နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ အမေရိကန်အနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ အလုံးစုံပယ်ဖျက်ရေးနှင့် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကော်မရှင်တို့တွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ တစ်ဖက်သတ်ချမှတ်ထားသည့် လူ့အခွင့်အရေးဆိုင်ရာ အဆိုမူကြမ်းများ ဆက်လက်တင်သွင်းနေခြင်းအပေါ် ရပ်ဆိုင်းပေးရန်လည်း ထည့်သွင်းပြောကြားခဲ့သည်။

မစ္စစ်ကလင်တန်က ပြောကြားရာတွင် ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးအတွက် မိမိတို့၏ သန္နိဋ္ဌာန်ချမှတ်မှုများကို ထပ်လောင်းအတည်ပြုသည့် သမိုင်းဝင်ခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၌ အမေရိကန်စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ ကုန်သွယ်မှုငွေပေးငွေယူရှင်းတမ်းများ ပြုလုပ်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများမှ ငွေကြေးများ ချေးယူနိုင်ရေးအတွက် လမ်းဖွင့်ပေးနိုင်ရန် မြန်မာနိုင်ငံအပေါ် သတ်မှတ်ထားသည့် ငွေကြေးဆိုင်ရာ ပိတ်ဆို့ကန့်သတ်မှုများကို ဆိုင်းငံ့သည့် အမိန့်တစ်ရပ်အား သမ္မတအိုဘားမားမှ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ထိုအမိန့်အရ မြန်မာနိုင်ငံ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တု စသည့် ကဏ္ဍများအပါအဝင် စီးပွားရေးလုပ်ငန်းကြီးများတွင် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ကင်းလွတ်ခွင့်ပြုနိုင်သည့် အခွင့်အာဏာကို နိုင်ငံခြားရေးဝန်ကြီးအား ပေးအပ်ထားပါကြောင်း၊ လောလောဆယ်ကာလတွင် လက်နက်ရောင်းဝယ်မှုပိတ်ပင်သည့် တားမြစ်ချက်မှလွဲ၍ ကျန်ကန့်သတ်ချက်များကို ဆိုင်းငံ့ထားမည်ဖြစ်ပါကြောင်း၊ ဤသို့ဆောင်ရွက်ရခြင်းမှာလည်း ကွန်ဂရက်တွင် လုပ်ထုံးလုပ်နည်းဥပဒေများအရ ကန့်သတ်ချက်များကို လုံးဝရုပ်သိမ်းနိုင်ရေးအတွက် အကန့်အသတ်များ ရှိနေသေး၍ ဖြစ်ပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများတွင် *စာမျက်နှာ ၄ ကော်လံ ၁* ■

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။